# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ် (၆၀)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မမြရေလှောင်တမံစီမံကိန်းလုပ်ငန်းများနှင့် တံတားစီမံကိန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး တမံများတည်ဆောက်ရာ၌ ရေအားလျှပ်စစ်စီမံကိန်းများပါ ထည့်သွင်းတည်ဆောက်နိုင်ရန် မှာကြား



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး မမြရေလှောင်တမံစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၈**

ရောဝတီတိုင်း၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက မြန်အောင်မြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် မမြရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ■

**နောင်မျိုးဆက်သစ် အင်ဂျင်နီယာများအား တံတားတည်ဆောက်ရေးလုပ်ငန်း အတွေ့အကြုံများ၊ သိသင့်သိထိုက်သည်များ သိရှိမှတ်သား အတုယူနိုင်ရေးအတွက် တံတားတည်ဆောက်ရေးဆိုင်ရာ မှတ်တမ်းများနှင့် အတွေ့အကြုံများကို စနစ်တကျ ပြုစုထားရှိ။**

## မမြရေလှောင်တမံစီမံကိန်း

မြန်အောင်မြို့နယ် ပုသိမ်–မုံရွာ ကားလမ်းမဘေး မျှင်ဝါးတောင်ကျေးရွာအနီး မမြချောင်းပေါ်၌ မမြရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေ၊ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံ အမြင့် ပေ ၁၅၀၊ အလျား ပေ ၁၁၈၀၀ ရှိကာ ရေကေ ပေ ခုနစ်သောင်းသိုလှောင်နိုင်မည်၊ စီမံကိန်းပြီးစီးပါက မြန်အောင်မြို့နယ်အတွင်းရှိ လယ်မြေဧက တစ်သောင်းကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ်ကီလိုဝပ် ၅၀၀ လည်း ထုတ်ယူရရှိမည်။



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

# စက်ရုံအလိုက် လျာထားချက်ကျော်လွန်အောင်ထုတ်လုပ် သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ရုံအလုပ်ရုံအသစ်များ တိုးချဲ့ တည်ဆောက်ခြင်း၊ စက်မှုဇုန်များ ထူထောင်ပေးခြင်း၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများဖြစ်လာရေး စီမံဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားရေး၊ ပြည်တွင်း၌ နည်းပညာပြန့်ပွားရေး၊ သယံဇာတအရင်းအမြစ်နှင့် ကုန်ကြမ်းများကို ထိရောက်အကျိုးရှိစွာ အသုံးချပြီး တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်တင်ပို့နိုင်ရေး ရည်မှန်း ဆောင်ရွက်နေသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)ကို ၂၀၀၅ခုနှစ် မေ၁၄ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ ကုန်ကြမ်းအဖြစ် ဝါး၊ နေလှန်းဆားနှင့် ထုံးကျောက်တို့ကို အဓိကသုံးစွဲ၍ အရောင်ချွတ်ပြီး ပျော့ဖတ်တစ်နေ့တန် ၂၀၀ ထုတ်လုပ်လျက်ရှိသည်။

ဆက်လက်၍ တစ်နေ့တန် ၅၀ အဆင့်မြင့် စက္ကူစက်ရုံ တည်ဆောက်နေပြီး တစ်နေ့တန် ၆၀ သတင်းစာစက္ကူ စက်ရုံစီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။ တစ်နေ့တန် ၅၀ အဆင့်မြင့် စက္ကူစက်ရုံမှ ကြွေရောင်စက္ကူ နှစ်ဖက်ချော အဆင့်မြင့်စက္ကူပါ၊ ကွန်ပျူတာသုံး Laser ပုံနှိပ်စက္ကူ၊ မိတ္တူကူးစက်သုံးစက္ကူ၊ မြန်နှုန်းမြင့် ပုံနှိပ်စက်သုံးစက္ကူများကို ထုတ်လုပ်သွားမည်ဖြစ်သည်။

ခေတ်မီစက္ကူနှင့် ပျော့ဖတ်စက်ရုံ၊ အဆင့်မြင့်စက္ကူစက်ရုံနှင့် သတင်းစာစက္ကူစက်ရုံများကို ထူထောင်ခြင်းမှာ နိုင်ငံတော်အတွက် လိုအပ်သောစက္ကူများကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ထွက်လာရေး၊ စက္ကူ ထုတ်လုပ်သည့် နည်းပညာရရှိရေးတို့ကို မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ စက်ရုံ၊ အလုပ်ရုံများအနေဖြင့် ကုန်ပစ္စည်းများကို လျာထားချက်ပြည့်မီ ကျော်လွန်အောင် ထုတ်လုပ်နိုင်ရေးနှင့် သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဆေးတက္ကသိုလ် (၁) ၁၉၇၆ခုနှစ် ဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်ဆေးတက္ကသိုလ်(၁) ၁၉၆၉ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ၁၉၇၆ခုနှစ်၌ ဆေးပညာဘွဲ့ရသော ကျောင်းသားကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကိုဒီဇင်ဘာ ၂၃ ရက် နံနက် ၉နာရီတွင် ကရဝိက်နန်းတော် ကန်တော်ကြီး မင်္ဂလာခန်းမ၌ လည်းကောင်း၊ နှစ်(၃၀)မြောက် ပုလဲရတုအထိမ်းအမှတ် မိတ်ဆုံညစာစားပွဲကို ညနေ ၆ နာရီခွဲတွင် Traders Hotel၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများကို ဒေါက်တာခင်သန်းအေး (Nellie) ဖုန်း-၅၁၀၂၈၃၊ ဒေါက်တာခိုင်ယဉ်မေသန်း(Marie) ဖုန်း(ရုံး) ၂၁၁၁၈၀၊ (အိမ်)၅၁၂၇၀၇၊ ဒေါက်တာသီတာသိန်းရွှေ ဖုန်း-၃၈၆၈၄၁၊ ဖုန်း-၀၉-၅၁-၀၄၁၅၈၊ ဒေါက်တာစန်းစန်းမြင့် (Cynthia) ဖုန်း-၅၅၉၂၉၇၊ ဒေါက်တာဇော်ဝင်း ဖုန်း-၆၈၂၄၇၃၊ ၀၉-၅၀၀-၀၃၀၈၊ ဒေါက်တာရဲထွဋ် ဖုန်း(ရုံး)၂၅၁၅၀၈၊ လိုင်းခွဲ-၁၅၃၊ (အိမ်)၆၆၁၇၄၀၊ ၀၉-၅၁-၃၆၇၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

## မြဝတီရုပ်မြင်သံကြား

**၂၉-၁၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၃၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင် တို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ လှုပ်လှုပ်ရှားရှား ပုံရိပ်များ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၃၈)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်သံကြား ဇာတ်လမ်း **"ဘက်မတူတဲ့ တက်လူ"** (အပိုင်း-၂၄)

## The Commerce Journal အတွဲ(၆)၊ အမှတ်(၂၂) ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၈**

The Commerce Journal အတွဲ(၆)၊အမှတ်(၂၂)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါ ဂျာနယ်တွင် ယူနန်ပြည်နယ်၊ ရွှေလီမြို့တော်ဝန်နှင့်အဖွဲ့ နယ်စပ်ကုန်သွယ်ရေးမှ တာဝန်ရှိသူများ၊ မန္တလေး ကုန်သည်များနှင့် ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေး၊ မြန်မာ့ညြဂ်နစ် ရွှေနီဌက်ပျောပို့ကုန် အလားအလာ၊ မိုးကြက်သွန်နီများ လှိုင်လှိုင်ပေါ်ပြီး ဘုရင့်နောင်ဈေးသို့ နေ့စဉ် ပိဿာတစ်သိန်းကျော်ဝင်နေ၊ အလွန်ချိုမြိန်တဲ့ လယ်လုံလိမ္မော်၊ ဖရဲတစ်ဧက ငါးသိန်းကျော်မြတ်၊ ငါးသိုင်းချောင်းမှ မီးခိုးမထွက် အိမ်တွင်းမှုလုပ်ငန်း၊ ဝန်ထမ်းများ မမှန်မကန်လုပ်မှု တိုင်ကြားနိုင်၊ အရောင်းသွက်နေတဲ့ နန္ဒင်းဈေးကွက်၊ ကမ္ဘာ့အကြီးဆုံး ရွှေချောကလက်၊ ပွဲဆူနေတဲ့ ဘိုရက် စသည့် သတင်းများအပြင် အထူးဆောင်းပါးများအဖြစ် မောင်စူးစမ်း၏ ပင်လယ်ရပ်ခြား အိန္ဒိယသားများနှင့် တရုတ်နွယ်ဖွားများ၊ ဦးဟန်ထွန်း၏ တခ်ဏုပ္ပတ် တုံ့ပြန်စွမ်း၊ ဒေါက်တာခင်မောင်ညို၏ ပါရာဒိုင်းကို ဘယ်သူပြောင်းပစ်သနည်း၊ ကြည့်ရှုန်း၏ အောင်မြင်ချမ်းသာနည်း ၁၀၀၊ မောင်သံ့၏ ချိန်ဘာတို့၏ ဖန်ရှင်ခြင်းများ၊ ဦးသန်းမောင်(စစ်တွေ)၏ ကုန်အမှတ်တံဆိပ် ရွေးချယ်ခြင်း၊ မောင်ပုဆိုးကြမ်း၏ နေစွမ်းအင်ထုတ်လုပ်မှု နည်းပညာသစ်များတို့ ပါဝင်ပြီး၊ ပြည်တွင်းပြည်ပ ကုန်ဈေးနှုန်း သတင်းများ၊ ဟာသ၊ ရုပ်ရှင်နှင့် ဗေဒင်ကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားကာ တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## အိန္ဒိယဝန်ကြီးချုပ် ပါကစ္စတန်သို့သွားရောက်မည်

အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၈

**အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် လာမည့်နှစ် အစောပိုင်းတွင် ပါကစ္စတန်နိုင်ငံသို့ အလည်အပတ်ခရီးသွားမည်ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက နိုဝင်ဘာ၂၅ရက်၌ ဖော်ပြသည်။**

ပါကစ္စတန်နိုင်ငံသို့ တရားဝင် အလည်အပတ်ခရီး သွားရောက်ရေး အတွက် လာမည့် ဖေဖော်ဝါရီလကုန်နှင့် မတ်လဆန်းတို့တွင်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်မန်မိုဟန်ဆင်းက အဆိုပါ ရက်ကို သတ်မှတ်ထားကြောင်း ဒွန်း သတင်းစာ၌ ဖော်ပြသည်။

**ဆက်လက်ဖော်ပြ**

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံတို့အနေဖြင့် နှစ်ဖက်အငြင်းပွားမှု ဖြစ်ပွားနေသော အချို့ကိစ္စရပ်များကို လာမည့် ၂၀၀၇ခုနှစ် ပထမသုံးလ အတွင်း အပြီးပြတ်တွေ့ဆုံဆွေးနွေး ကြမည်ဖြစ်ကြောင်းလည်း အဆိုပါ သတင်းစာ၌ ဆက်လက်ဖော်ပြထား သည်။

ပါကစ္စတန်သမ္မတ ပါဗက်ဇ် မူရှာ ရက်ဖ်အနေဖြင့် အိန္ဒိယနိုင်ငံသို့ အလည်အပတ် ရောက်ရှိလာသလို အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း လည်း ပါကစ္စတန်သို့ အလည်အပတ် သွားရောက်မည် ဖြစ်ကြောင်းလည်း ဒွန်း သတင်းစာတွင် ဖော်ပြသည်။

**အမ်အင်အေ၊ပီတီအိုင်**

## ဘိန်းဖြူ ၉၄ ကီလို တူရကီ၌ ဖမ်းမိ

**အင်ကာရာ နိုဝင်ဘာ ၂၈**

တူရကီရဲတပ်ဖွဲ့သည် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် နိုဝင်ဘာ ၂၄ရက်က ဘိန်းဖြူ ၉၄ကီလိုကို ဖမ်းဆီးရမိခဲ့ကြောင်း အနာတိုလီရာသတင်းဌာနက သတင်းထုတ်ပြန်သည်။

**သိမ်းဆည်းရမိ**

တူရကီ ရဲတပ်ဖွဲ့က အစ္စတန်ဘူလ်မြို့ရှိ အိမ်တစ်အိမ်အတွင်း သို့ဝှက်ထားသော အဆိုပါ ဘိန်းဖြူများကို ငါးလကြာ မူးယစ်ဆေးဝါးနှိမ်နင်းမှု စစ်ဆင်ရေး ပြီးဆုံးချိန်၌ ရှာဖွေသိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ သတင်းဌာနက ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အင်တာနက်သုံးစွဲသူ အသက် ၁၈ နှစ်အောက် လူငယ်များ တရုတ်နိုင်ငံတွင် ၁၈သန်းကျော်ရှိနေ

ပေကျင်း နိုဝင်ဘာ ၂၈

**တရုတ်နိုင်ငံတွင် ယခုနှစ် ပထမခြောက်လ၌ အင်တာနက်သုံးစွဲသူ လူငယ်အရေအတွက်သည် စုစုပေါင်း ၁၂၃သန်း ခန့်ရှိနေရာ ၎င်းတို့တွင် အသက်၁၈နှစ်အောက် လူငယ်အရေအတွက်မှာ ၁၈ဒသမ ၃သန်းခန့်ရှိနေရာ အင်တာနက် သုံးစွဲသူ လူငယ်အရေအတွက်၏ ၁၄ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။**

တရုတ်လူငယ်များ၏နေ့စဉ်ဘဝတွင် အင်တာနက်သုံးစွဲမှုသည် အဓိကကျသော အခန်းကဏ္ဍမှပါဝင်လျက်ရှိလာကြောင်း တရုတ်ကွန်မြူနစ်ပါတီမှ အရာရှိတစ်ဦးက နိုဝင်ဘာ ၂၆ရက်က ပြောကြားသည်။

**ပေးစွမ်းနိုင်**

အင်တာနက်သည် လူငယ်များ အတွက် လေ့လာရေး၊ အလုပ်အကိုင်နှင့် ဖျော်ဖြေရေးတို့အတွက် သတင်းအချက် အလက်များ ပေးစွမ်းနိုင်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဖော်ပြ**

အင်တာနက်ကို အရူးအမူးသုံးစွဲသူ တရုတ်လူငယ်များအနေဖြင့် ၂၀၀၅ ခုနှစ် နိုဝင်ဘာလ၌ အင်တာနက်သုံးစွဲသူ၏ ၁၃ဒသမ၂ရာခိုင်နှုန်းရှိကြောင်း တရုတ်နိုင်ငံ၏ အင် တာနက် သုံးစွဲမှုဖွံ့ဖြိုးရေးဆိုင်ရာ လူငယ်အဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

❐ ကျော့ဖုံးမှ

တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊မြို(ခေါ်) ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးပါတီ၊ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေး အဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ပြည်သူ့လွှတ်တော်ရုံး၊အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေး မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများ ဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး) အဖွဲ့၊ ကရင်နီအမျိုးသား တိုးတက်ရေး ပါတီ (KNPP) (ဟိုယာ)၊ ကရင်နီ အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)၊ ပေါင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည် ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA) အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန် ဌာနေပြည်သူ့စစ်အဖွဲ့၊မွန်လက်နက်ကိုင်ငြိမ်းချမ်းရေး အဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှစတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့်လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသား ညီလာခံစုံညီ အစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့တွင် အမျိုးသား ညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

## သဘာပတိ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဦးမျိုးသန့် (မောင်ဆုရှင်)၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ (ခေါ်) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်းတူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး)ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသား ညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၁၀၈၀ ဦးရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၆၆ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကြောင်း ကြေညာသည်။

## ဖတ်ကြားတင်ပြ

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများ အခန်းနှင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ညီလာခံစုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်ကြသော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ အကြံပြုချက်စာတမ်းကို ဦးယန်ကျင့်ကန်က လည်းကောင်း၊ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏အကြံပြုချက်စာတမ်းကို ဦးညီပလုပ်ကလည်းကောင်း ဆက်လက် ဖတ်ကြား တင်ပြကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်သည်။

**(ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးယန်ကျင့်ကန်နှင့် ‘ဝ’ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးညီပလုပ်တို့၏ အကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားပါမည်။)**

အဆိုပါ အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**




**အမျိုးသားညီလာခံ စုံညီ အစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိ အဖွဲ့ဝင်များအား တွေ့ရစဉ်။**
(သတင်းစဉ်)



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။**
(သတင်းစဉ်)

အမျိုးသား ညီလာခံစုံညီ အစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်ကြသော လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြုချက်စာတမ်းကို ဦးကျာရှီးကလည်းကောင်း၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၏ အကြံပြုချက်စာတမ်းကို ဦးစောစံရွှေကလည်းကောင်းဖတ်ကြားတင်ပြကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၅၀ တွင် ခေတ္တရပ်နားသည်။

**(လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီမှ ဦးကျာရှီးနှင့် ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်မှ ဦးစောစံရွှေတို့၏ အကြံပြုချက် စာတမ်းများကို ဆက်လက်ဖော်ပြသွားပါမည်။)**

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေး ပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသား

# နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ အကြံပြုတင်ပြချက်စာတမ်းများ ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် နိုဝင်ဘာ ၂၈

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၈ရက်တွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံ ရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်များ ဖြစ်ကြသော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာရှီး ဖတ်ကြားတင်ပြသည့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြုချက် စာတမ်း၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးစောစံရွှေ ဖတ်ကြားတင်ပြသည့် ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၏ အကြံပြုချက်စာတမ်း၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးယန်ကျင့်ကန် ဖတ်ကြားတင်ပြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ အကြံပြုချက်စာတမ်းနှင့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးညီပလုပ် ဖတ်ကြားတင်ပြသည့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြုချက်စာတမ်းတို့ကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။**

(သတင်းစဉ်)

# ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိ




ရန်ကုန် နိုဝင်ဘာ ၂၈

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် နိုဝင်ဘာ၂၇ရက်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေး ပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးခွန်မောင်တုတ် ဖတ်ကြားတင်ပြသော ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–**

လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌကြီးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို အထူးလေးစားပါကြောင်း ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ အမျိုးသားညီလာခံ နိုင်ငံရေးပါတီများ အစုအဖွဲ့က ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ကိုယ်စားပြု ညီလာခံကိုယ်စားလှယ် ဦးခွန်မောင်တုတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် ၂၀၀၆ခုနှစ် အောက်တိုဘာလ ၃၀ရက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပ ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးရဲ့ ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ရွေးကောက်တင်မြှောက်ခြင်း ခေါင်းစဉ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အခန်းလိုက်ခေါင်းစဉ်အဖြစ် သုံးနှုန်းရန် ၁၉၉၃ ခုနှစ် ဧပြီလ ၇ရက်နေ့မှာ ကျွန်တော်တို့ အတည်ပြုခဲ့ကြပြီးဖြစ်ပါတယ်။ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရွေးကောက်တင်မြှောက် ခြင်းအခန်းအတွက် ရွေးကောက်တင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော်သို့ ကိုယ်စား လှယ်များ ရွေးကောက်တင်မြှောက်ခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူ၊ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း၊ ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း စတဲ့အကြောင်းအရာများအတွက် အသေးစိတ်အခြေခံ ရမယ့်မူများ ချမှတ်ရန် သင့်၊ မသင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များကို ဆွေးနွေးအကြံပြုကြဖို့ ရှင်းလင်းတင်ပြခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အဲဒီ ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် အခြေခံရမယ့်မူကတော့–

(က) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက် တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရရှိမည်။

(ခ) ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့် အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်တို့ ဖြစ်ပါတယ်။ နိုင်ငံတိုင်း၊ လူမျိုးတိုင်းမှာ မိမိနိုင်ငံ၊ မိမိလူမျိုးနဲ့ သင့်တော်မယ့်ရွေးကောက်ပွဲ ပုံစံနှစ်မျိုးကို ရေးဆွဲထားလေ့ရှိပါတယ်။ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် ခွင့်ဟာ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားအားလုံးနဲ့ အကျုံးဝင်ပါတယ်။ နိုင်ငံ တစ်နိုင်ငံမှာ နိုင်ငံရေးပါတီတစ်ခုထက်ပိုပြီး ဖွဲ့စည်းလှုပ်ရှားခွင့်ပြုခဲ့ရင် ပါတီစုံ ဒီမိုကရေစီနိုင်ငံလို့ အသိအမှတ်ပြုလေ့ရှိကြပါတယ်။ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးတဲ့နိုင်ငံတိုင်းမှာ သတ်မှတ်ကာလအပိုင်းအခြားအလိုက် ပြည်သူ့ကိုယ်စား လှယ်တွေကို ရွေးကောက်တင်မြှောက်ပေးကြရပါတယ်။ ရွေးကောက်ပွဲတွေ ပုံမှန်ကျင်းပနိုင်မှသာ စစ်မှန်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ ရွေးချယ်တင်မြှောက် ပေးနိုင်မှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲဟာ ဒီမိုကရေစီရဲ့ အသက်သွေးကြောလဲ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတိုင်းဟာ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်း ရှိမှသာ ပြည်သူ့ဆန္ဒအမှန် ပေါ်ထွက်လာနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အာဏာ ကို ပြည်သူတွေရဲ့ကိုယ်စား ကိုင်စွဲအုပ်ချုပ်မည့် နိုင်ငံခေါင်းဆောင်ကို ပြည်သူတွေ ကနေ ရွေးချယ်ပေးကြရပါတယ်။ အဲဒီ ခေါင်းဆောင်တွေ လိုက်နာကြမယ့် စည်းမျဉ်း၊ စည်းကမ်းကိုလဲ ပြည်သူတွေကပဲချမှတ်ပေးရပါတယ်။ အဲဒီ စည်းမျဉ်း တွေကို ဖွဲ့စည်းပုံအခြေခံဥပဒေလို့ ခေါ်ဆိုကြပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကြီး သုံးရပ်ဖြစ်ကြတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများအနက် ဥပဒေပြုရေးအခန်းမှာ ပါဝင်ဆောင်ရွက်ကြရမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ပြည်သူ့ကိုယ်စားလှယ်များဟာ နိုင်ငံတော်အတွက် ဥပဒေပြုကြရာမှာ အရေးကြီး တဲ့အခန်းကဏ္ဍမှာ ပါရှိလာမှာဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားများရဲ့အရေးများကို စဉ်ဆက်မပြတ် သိရှိ နေတဲ့ လက်လှမ်းမီနေတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်ဖို့ လိုအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ဆိုတာ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ အမြင့်ဆုံးအာဏာပိုင် အဖွဲ့ဖြစ်တဲ့အတွက် ရွေးကောက်ပွဲနှင့်တင်မြှောက်တဲ့ အစိုးရအဖွဲ့ရှိခြင်းဟာ နိုင်ငံရဲ့ ထူးခြားမြင့်မြတ်တဲ့ ဂုဏ်အင်္ဂါတစ်ခုပဲဖြစ်ပါတယ်။ အများပြည်သူက ရွေးချယ်တဲ့ ခေါင်းဆောင်များဟာ ထင်ပေါ်ကျော်ကြားသူ၊ အဟောအပြော ကောင်းသူ၊ လူထုကို စည်းရုံးစွဲဆောင်နိုင်သူများဖြစ်တဲ့အပြင် အသိပညာ၊ အတွေ့အကြုံ၊ စိတ်နေစိတ်ထား၊ စာရိတ္တ၊ ကိုယ်ရည်ကိုယ်သွေး၊ သိက္ခာသမာဓိ၊ နိုင်ငံချစ်စိတ် စတဲ့အချက်များနှင့်လည်း စုံပြလောက်အောင် ရှိဖို့ လိုအပ်လှပါတယ်။ အသိပညာပိုင်းမှာ ခေတ်ပညာသာမက နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံ တကာရေးရာဥပဒေသမိုင်းကြောင်းများ၊ ဒဿနိက၊ပထဝီနိုင်ငံရေး၊ ပထဝီ စီးပွား ရေး၊ စက်မှုသိပ္ပံနည်းပညာ စတဲ့ ဘာသာရပ်ပေါင်းစုံကို နှံ့နှံ့စပ်စပ် လေ့လာသူ များဖြစ်သင့်ပါတယ်။ ခေါင်းဆောင်ပိုင်းရဲ့ အဓိက ကိုယ်ရည်ကိုယ်သွေးများကတော့ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်လွှတ်နိုင်မှု၊ ရိုးသားဖြောင့်မတ်၍ တရားမျှတမှု၊ မာန်မာနနည်းပါးပြီး သတ္တိ၊ ဗျတ္တိပြည့်စုံမှု၊ ယုံကြည်ချက်၊ ခံယူချက်ခိုင်မြဲပြီး

**ဖတ်ကြား တင်ပြ**



**ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏အကြံပြုချက် စာတမ်းကို ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးခွန်မောင်တုတ် ဖတ်ကြားတင်ပြစဉ်။** (သတင်းစဉ်)

တိုင်းပြည်ကို အမှန်တကယ်နှစ်နှစ်ကာကာ ချစ်ခင်မှုမိမိကိုယ်ကျိုး၊ မိမိအဖွဲ့အစည်း အကျိုး၊ မိမိပါတီအကျိုးထက် အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်ရဲ့ အကျိုး စီးပွားကို ဦးစားပေးနိုင်မှုစတဲ့ အချက်တွေပါပြည့်စုံနေဖို့ အထူးပဲလိုအပ်လှပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးခေါင်းဆောင်ဆိုတာ နိုင်ငံသားတွေက မိမိတို့ကို ဦးဆောင် ဦးရွက်ပြုဖို့၊ စီမံခန့်ခွဲပေးဖို့ ယုံကြည်စိတ်ချစွာ အပ်နှင်းထားခြင်းခံရသူများပဲ ဖြစ်ကြပါတယ်။ နိုင်ငံတစ်ခုမှာ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးမှု နိမ့်ကျခြင်း၊ ဒီမိုကရေစီကျင့်သုံးမှုမပီပြင်ခြင်းများရှိနေပါက ပြည်သူ့အကြား ရင်ကြားစေ့ပေးရန် မလွယ်ကူဘဲ အကြမ်းဖက်နှင့် အဓမ္မဝါဒများပေါ်ပေါက်လာတတ်ကြပါတယ်။ နိုင်ငံရေးအတွေးအခေါ်ရှင်ကြီးများက နိုင်ငံတစ်ခုမှာ ဒီမိုကရေစီကို အသိစိတ် ရှိရှိ ကျင့်ကြံခြင်းမရှိကြလျှင် အသိဉာဏ်ခေါင်းပါးသူလူစုတစ်စုရဲ့ နှိပ်စက် ဖိစီးအုပ်စိုးမှုကို ပြည်သူများတစ်ဖက်သတ် ခံစားနေကြရတတ်ပါတယ်လို့ တင်ပြရင်း ကျွန်တော်တို့ ပြည်ထောင်စုပအိုဝ်းအမျိုးသားကိုယ်စားပြုညီလာခံ ကိုယ်စားလှယ် များအနေနဲ့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌဦးအောင်တိုး ရှင်းလင်းတဲ့ ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် စုစည်းချက်အမှတ်စဉ်(၁)မှ (၁၄)အထိကို အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆက်လက်ပြီး နိုင်ငံရေးပါတီများအခန်းကို ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌက စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများ စနစ်တကျဖွဲ့စည်းနိုင်ရေးဥပဒေများ ပြဋ္ဌာန်းပေးရန်လိုကြောင်း၊ မြန်မာနိုင်ငံဟာ နယ်ချဲ့ကျူးကျော်စစ် သုံးကြိမ်နဲ့ ကျွန်ဘဝရောက်ခဲ့ရကြောင်း၊ နယ်ချဲ့လက်သစ်များ နည်းမျိုးစုံ နှောင့်ယှက်မှု ကြောင့် တပ်မတော်က ဒီတာဝန်အရေးသုံးပါးကို ကာကွယ်ထိန်းသိမ်းထားရ ကြောင်း၊ ဒီမိုကရေစီအလေ့အကျင့်မရှိဘဲ နေ့ချင်းညချင်း ကူးပြောင်း၍ မရကြောင်း၊ နိုင်ငံသားများ ဒီမိုကရေစီအနှစ်သာရများ သဘောပေါက်ရန် လိုအပ်ကြောင်း၊ နိုင်ငံရေးပါတီတိုင်း အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရ မည်ဖြစ်ကြောင်း၊ စည်းရုံးလှုပ်ရှားခွင့်၊ ရွေးကောက်ပွဲယှဉ်ပြိုင် ခွင့်မူများ ချမှတ် ထားသင့်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်က နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေ များပြဋ္ဌာန်းပေးသင့်ကြောင်း အသေးစိတ်အခြေခံရမယ့်မူများ ဆွေးနွေးအကြံပြုကြ ရန် ရှင်းလင်းပြောကြားခဲ့ကြပါတယ်။

လူသားတွေဟာ ကာလသုံးပါးထဲက အတိတ်နဲ့ အနာဂတ်ကို မပိုင်ဆိုင် ကြဘဲ ပစ္စုပ္ပန်ကာလကိုသာ ပိုင်ဆိုင်ကြသူများ ဖြစ်ပါတယ်။ ပစ္စုပ္ပန်ကာလမှာ အကောင်းဆုံးပြုမူ ကျင့်ကြံလုပ်ကိုင်နိုင်မှ အတိတ်လည်း ကောင်းမယ်၊ အနာဂတ် အတွက် ကောင်းမြတ်သည့် အကျိုးဆက်အမွေခံတွေ ဖြစ်လာစေမှာ ဖြစ်ပါတယ်။ လူသားဟာ ပစ္စုပ္ပန်ကာလမှာ မိမိသမိုင်းကို မိမိရေးသားနေသူတွေ ဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ ပရဟိတလုပ်ငန်း၊ လောကတ္ထစရိယလုပ်ငန်း ဖြစ်တာကြောင့် အမျိုးဘာသာ သာသနာ ကောင်းစားရေးကို ရှေးရှု ဆောင်ရွက်ရတာနဲ့အညီ သာမန်မဟုတ်ဘဲ လူထူးလူချွန်၊ လူသူတော်ကောင်း ပုဂ္ဂိုလ်တွေကသာ နိုင်ငံရေး ကိုလုပ်နိုင်ပါတယ်။ လူသားတွေဟာ အခြေခံအားဖြင့် နိုင်ငံရေးကို လိုက်စား ပျော်မွေ့ကြတဲ့ ပုဂ္ဂိုလ်များဖြစ်ကြပါတယ်။ ဒါပေမယ့် လက်ရှိ နိုင်ငံရေးကို မရောင့်ရဲ မတင်းတိမ်၊ အားရကျေနပ်မှုမရှိဘဲ သဘောထား၊ ထင်မြင်ယူဆချက် အမျိုးမျိုးပေးပြီး နိုင်ငံရေးလှုပ်ရှားမှုလုပ်လာကြပါတယ်။ အမျိုးသားခေါင်းဆောင် တပ်မတော်ဖခင် ဗိုလ်ချုပ်အောင်ဆန်းက “နိုင်ငံရေးဆိုတာ ကျွန်တော်တို့ရဲ့ လူမှုပတ်ဝန်းကျင်မှာဖြစ်ပေါ်နေတဲ့အခြေအနေ ဖြစ်ရပ်များဖြစ်တယ်။ အတိုချုပ် ပြောရရင် ကျွန်တော်တို့နေ့စဉ်နှင့်အမျှ လူ့လောကမှာ ကြုံတွေ့နေရတဲ့ ကိစ္စ များဖြစ်တယ်” ကျွန်ုပ်တို့ စားမှု၊ သောက်မှု၊ နေထိုင်သွားလာမှု အစုစုဟာ နိုင်ငံရေးပဲဖြစ်တယ်။ ကျွန်ုပ်တို့ဟာ နိုင်ငံရေးကို မဆင်ခြင်မတွေးတောမိပေမယ့် နိုင်ငံရေးဟာ ကျွန်ုပ်တို့နဲ့ အမြဲတစေ ဆက်သွယ်နေတယ်။ ကျွန်ုပ်တို့ နိုင်ငံရေးကို ရှောင်ရှားပေမယ့် နိုင်ငံရေးဟာ ကျွန်ုပ်တို့ရဲ့ အိမ်၊ ရုံး၊ အလုပ်ရုံတွေမှာ ပေါ်ပေါက် လျက်ရှိနေပါတယ်။ ကျွန်ုပ်တို့ဟာ နိုင်ငံရေးကို နေ့စဉ်နှင့်အမျှ လုပ်နေကြရ တယ်”လို့ မိန့်ကြားခဲ့ဖူးပါတယ်။

**သဘာပတိကြီးခင်ဗျား–**

(၁၈)နှင့်(၁၉)ရာစုနှစ်အတွင်းမှာ အရင်းရှင်များ၊ အရင်းမဲ့များ၊ အဖွဲ့အစည်း များ ဖွဲ့စည်းကြပြီး အစိုးရအပေါ် ဩဇာလွှမ်းမိုးနိုင်ရန် ကြိုးစားလာကြပါတယ်။ အဖွဲ့အစည်းများကို မှီခိုအားကိုးရင်း နိုင်ငံရေးပါတီများ စတင်ပေါ်ပေါက်ခဲ့ကြ ပါတယ်။ လွတ်လပ်စွာ သွားလာခွင့်၊ စည်းရုံးဟောပြောခွင့်ကြောင့် မူဝါဒချင်း၊ ရည်ရွယ်ချက်ချင်း မတူညီကြရာမှ တူညီအောင်ညှိနှိုင်းကြရင်း နိုင်ငံရေးပါတီများ ပေါ်ပေါက်လာကြရပါတယ်။ ပါတီတိုင်း၊ မိမိပါတီရဲ့ မူဝါဒ၊ ရည်ရွယ်ချက်လုပ်ငန်း စဉ်တွေကို လူအများလက်ခံနိုင်တဲ့ တရားသောနည်းလမ်းနဲ့ စည်းရုံးကြရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတိုင်းရဲ့ အဓိက ရည်ရွယ်ချက်ဟာ လွှတ်တော် ရွေးကောက်ပွဲမှာ မဲအများစု အနိုင်ရရှိအောင်၊ အစိုးရဖွဲ့နိုင်အောင် ကြိုးစား ကြပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေးဟာ နိုင်ငံတော်နှင့်နိုင်ငံသား အားလုံးရဲ့ အရေးပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တစ်မျိုးသားလုံးရဲ့ အမျိုးသားရေး တာဝန်လည်း ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်မှာ ပြည်သူတွေကို ဦးဆောင် စည်းရုံးနေတဲ့ နိုင်ငံရေးပါတီများရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးပါ အရာ ရောက်လှပါတယ်။ ပြည်သူများရဲ့ဆန္ဒကို နိုင်ငံရေးပါတီများကတစ်ဆင့် ဖြည့်ဆည်း အကောင်အထည်ဖော်ထုတ်ပေးရတဲ့အတွက် နိုင်ငံရေးပါတီမရှိဘဲ ဒီမိုကရေစီ စနစ်ကို နည်းလမ်းကျနစွာ ဖော်ထုတ်ပေးနိုင်မည်မဟုတ်ပါ။ ကမ္ဘာမှာ ဒီမိုကရေစီ စနစ်ကျင့်သုံးတဲ့ နိုင်ငံတွေကို လေ့လာကြည့်ရင် ဒီမိုကရေစီ အတွေ့အကြုံ ရင့်ကျက်ပြီး ပြည်သူလူထုရဲ့ နိုင်ငံရေးနိုးကြားမှု မြင့်မားတဲ့နိုင်ငံတွေမှာ နိုင်ငံရေးပါတီ နည်းပါးတာတွေ့ရပြီး ဒီမိုကရေစီသက်တမ်း နုနယ်ကာ ပြည်သူတွေရဲ့ နိုင်ငံရေး နိုးကြားမှု အားနည်းလျှင် နိုင်ငံရေးပါတီ အရေအတွက်များတာ တွေ့ရပါတယ်။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေးပါတီများ မရှိခဲ့လျှင် ရှင်းလို့မရနိုင်တဲ့ အတွေးအခေါ် အယူအဆတွေနဲ့မှုချရင်ဆိုင်ကြရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံဟာ ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးဖို့ နိုင်ငံရေးပါတီများ အားလုံး၊ နိုင်ငံရေးအင်အားစုအားလုံးက လက်ခံကြတဲ့အပြင် ပြည်သူတွေကလည်း လိုလားမျှော်လင့် တောင့်တလျက် ရှိနေကြပါတယ်။ နိုင်ငံတစ်နိုင်ငံအတွင်းမှာ လူအမျိုးမျိုး၊ စိတ်အထွေထွေ၊ အကြိုက်ချင်းမတူ၊ ကွဲပြားခြားနားတဲ့အတွက် နိုင်ငံရေးပါတီများလည်း အမျိုးမျိုး ကွဲပြားခြားနားနိုင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပါတီစုံစနစ်ရော၊ တစ်ပါတီစနစ်ပါ ကျင့်သုံးခဲ့ဖူးပြီး ကောင်းကျိုးဆိုးကျိုး သင်ခန်းစာများစွာ ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ၁၉၉၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများကို ဖွဲ့စည်းခွင့်ပြုခဲ့စဉ် နိုင်ငံရေးပါတီပေါင်း ၂၃၅ ပါတီအထိ မှတ်ပုံတင်ခဲ့ကြသော်လည်း ယခုအခါ နိုင်ငံရေးပါတီ ၁၀ ပါတီသာ ကျန်ရှိပါတော့တယ်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတဲ့ နိုင်ငံရေးပါတီများအတွက်ဦးတည်ချက်များ၊ လိုက်နာရမယ့် သတ်မှတ် ချက်များနှင့် ရပ်တည်ပိုင်ခွင့်မရှိခြင်းတို့နှင့် စပ်လျဉ်းသည့် မူခြောက်ချက်ကို အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံအကြံပြုအပ် ပါတယ်။ ။

**နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကြီး သုံးရပ်ဖြစ်ကြတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများအနက် ဥပဒေပြုရေးအခန်းမှာ ပါဝင်ဆောင်ရွက်ကြရမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ပြည်သူ့ကိုယ်စားလှယ်များဟာ နိုင်ငံတော်အတွက် ဥပဒေပြုကြရာမှာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါရှိလာမှာဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားများရဲ့ အရေးများကို စဉ်ဆက်မပြတ် သိရှိနေတဲ့ လက်လှမ်းမီနေတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်ဖို့ လိုအပ်။**

# နိုင်ငံသားတိုင်း ဒို့တာဝန်အရေးသုံးပါးကို အမြဲတစေ ဦးထိပ်ပန်ဆင်ထားဖို့လိုအပ်သလို နိုင်ငံရေးပါတီများအနေဖြင့်လည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကာကွယ်ထိန်းသိမ်းရန်လိုအပ်




ရန်ကုန် နိုဝင်ဘာ ၂၈

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် နိုဝင်ဘာ၂၇ရက်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲ ရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေး ပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီမှ ဦးခေါင်ဒိုင် ဖတ်ကြားတင်ပြသော ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ် ပါတီ၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည် –**

လေးစားအပ်သော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များ အားလုံး ကျန်းမာချမ်းသာ၍ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြု တဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးခေါင်ဒိုင်ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံမှာ ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် ချမှတ် သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပ ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက ရှင်းလင်းပြောကြားခဲ့တဲ့–

လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် ရာမှာ ဆန္ဒမဲပေးပိုင်ခွင့်နဲ့စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၁(က) (ခ) (ဂ)နှင့်(ဃ) တွင် လည်းကောင်း၊

ဆန္ဒမဲပေးပိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များကို စုစည်းချက်အပိုဒ် ၂(က)(ခ)(ဂ)(ဃ) နှင့် (င)တွင်လည်းကောင်း၊

လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဟာ ရွေးကောက်ပွဲတစ်ရပ်မှာ ရွေးချယ်တင်မြှောက်ခြင်းနှင့် စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၃(က)(ခ)တွင် လည်းကောင်း ဖော်ပြချက်များဟာ သင့်လျော်မှန်ကန်ပါ၍ အသေးစိတ်အခြေခံ ရမည့်မူများချမှတ်ရန် သင့်ပါတယ်။

ပြည်ထောင်စုနယ်မြေအတွက် ရွေးကောက်တင်မြှောက်ခြင်းနဲ့စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၄(က)(ခ)တွင် လည်းကောင်း၊ နိုင်ငံသားတိုင်း ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်နဲ့ စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၅ တွင်လည်းကောင်း ဖော်ပြထားချက်များသည် မှန်ကန်ပါ၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ် သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းနဲ့ စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၆(က)(၁)(၂)(၃)(၄)(၅)တွင် လည်းကောင်း၊ (ခ)(ဂ)(ဃ)နှင့်(င)တွင်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီးလည်းကောင်း၊ တာဝန်မှပြန် လည်ရုပ်သိမ်းခြင်း ကိစ္စများနဲ့စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၇ တွင် ဖော်ပြချက် များသည် သဘာဝကျတဲ့အတွက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် သတ်မှတ်သင့် ပါတယ်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး စုစည်း ချက် အပိုဒ် ၈(က)၊ (ခ)(၁)(၂)(၃)၊ (ကက)(ခခ)(ဂဂ)(ဃဃ)နှင့်အပိုဒ်(၄)(၅) (၆)(၇)(၈)(၉)တို့တွင် ဖော်ပြထားပါတယ်။

အဲဒီဖော်ပြချက်များဟာ ခေတ်နဲ့လျော်ညီပြီး ပြည့်စုံတဲ့အတွက် အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်နဲ့စပ်လျဉ်းပြီး စုစည်း ချက်အပိုဒ် ၉(က)မှ(ဇ)အထိ ဖော်ပြထားပါတယ်။ အဲဒီအပြင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်း နှင့် စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၁၀ တွင် ဖော်ပြချက်များသည် ပြည့်စုံပါ၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့အဖွဲ့ဝင်များ နုတ်ထွက်ခြင်း နဲ့စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၁၁(က)(ခ)(ဂ)တွင်လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များ အပြီးအပြတ် အတည်ဖြစ်စေရေးနဲ့ စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၁၂(က)(ခ)(ဂ)တို့တွင်လည်း ကောင်း၊ စုစည်းချက်အပိုဒ် ၁၃ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်း၍ သတ်မှတ်ရမယ်လို့ ဖော်ပြချက်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော် မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ အဆင့်သတ်မှတ် ရေးနဲ့ စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၁၄ တွင် ဖော်ပြထားချက်များသည် လျော်ကန်သင့်မြတ်ပါ၍ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရန် သင့်လျော် ပါတယ်။

နိုင်ငံတော်၏ ခွင့်ပြုချက်နဲ့ နိုင်ငံခြားသို့ သွားရောက်တာဝန်ထမ်းဆောင် သူများ၊ အလုပ်လုပ်ကိုင်သူများနဲ့ ကိုယ်ရေးကိုယ်တာကိစ္စများဖြင့် နိုင်ငံခြားသို့ သွားရောက်သူများရဲ့ နိုင်ငံခြားမှာနေထိုင်တဲ့ကာလကို ရှင်းလင်းထားခြင်းမရှိပါက နောင်တစ်ချိန်မှ အငြင်းပွားမှုများ ဖြစ်ပွားနိုင်ဖွယ်ရာရှိကြောင်း လုပ်ငန်းကော် မတီဥက္ကဋ္ဌက ရှင်းလင်းခဲ့ပါတယ်။

**အဲဒါနဲ့ပတ်သက်လို့–**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရတဲ့ အချိန်နဲ့ တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀ နှစ် အခြေချနေထိုင်ခဲ့သူဟု ချမှတ်ပေးထားတဲ့ အသေးစိတ်အခြေခံရမယ့်မူ အောက်မှာ ခြွင်းချက်အဖြစ် နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်



**ဖတ်ကြား**

**ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ် ပါတီ၏ အကြံပြုချက် စာတမ်းကို ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ် ပါတီမှ ဦးခေါင်ဒိုင် ဖတ်ကြား တင်ပြစဉ်။**
(သတင်းစဉ်)

သွားရောက်သည့်ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမယ်လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ကြောင်း အကြံပြုပါတယ်။

**နိုင်ငံရေးပါတီများအခန်း**

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီများအခန်းနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံ သားတိုင်းဟာ နိုင်ငံရေးအသိရှိရှိဖြင့် ဒို့တာဝန်အရေး(၃)ပါးကို အမြဲတစေ ဦးထိပ်ပန်ဆင်ထားဖို့လိုအပ်သလို နိုင်ငံရေးပါတီများအနေနဲ့လည်း ဒို့တာဝန် အရေး(၃)ပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ကာကွယ်ထိန်းသိမ်းကြရန် လိုအပ်ကြောင်း၊ ဒါ့ကြောင့် နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲ ရေးတို့ကို ဦးတည်ချက်ထားရှိသည်ဟု စုစည်းချက် အပိုဒ် ၁ တွင် ဖော်ပြခဲ့ပါသည်။ ၎င်းအပိုဒ်ကို အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါတယ်။

နိုင်ငံရေးပါတီများလိုက်နာရမယ့် သတ်မှတ်ချက်များနှင့်စပ်လျဉ်းပြီး စုစည်း ချက်အပိုဒ် ၂(က)(ခ)(ဂ)တွင် လည်းကောင်း၊ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ စည်းရုံးခွင့်၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ခွင့်နှင့် စပ်လျဉ်း၍ စုစည်းချက်အပိုဒ် ၃(က)(ခ)တွင် လည်းကောင်း၊ နိုင်ငံရေး ပါတီများ ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်းနှင့်စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၄(က)(ခ)(ဂ)(ဃ)တွင် လည်းကောင်း၊ အပိုဒ်(၅)တွင် နိုင်ငံရေးပါတီတစ်ရပ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခွင့်ကိုလည်းကောင်း၊ ဖော်ပြချက်များသည် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါတယ်။

ပြည်ထောင်စုလွှတ်တော်က နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းတဲ့ လိုအပ်တဲ့ ဥပဒေများကိုပြဋ္ဌာန်းပေးသင့်ကြောင်းကို စုစည်းချက်အပိုဒ် ၆ တွင် ဖော်ပြချက် ကိုလည်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါတယ်။

**အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်း**

**သဘာပတိကြီးခင်ဗျား –**

အမျိုးသားညီလာခံမှာ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ အခန်း အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြောကြားခဲ့တဲ့ နေရာဒေသတစ်ခုခု တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ အခါ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခြင်းနှင့်စပ်လျဉ်းပြီး စုစည်းချက် အပိုဒ် ၁ တွင် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရဲ့ အုပ်ချုပ်ရေးအာဏာနဲ့ ဥပဒေပြုရေးတို့ကို သုံးစွဲဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၂(က)(ခ)၊ အပိုဒ် ၃ (က)(ခ)တွင် လည်းကောင်း၊ လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန် ကြေညာခြင်းနဲ့စပ်လျဉ်း၍ စုစည်းချက်အပိုဒ် ၄ (က)(ခ)တို့ကို အသေးစိတ် အခြေခံရမယ့်မူအဖြစ် သတ်မှတ်သင့်ကြောင်းကို လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား –**

နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့အာဏာတည်တဲ့ အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာခြင်း၊ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်တဲ့ နယ်မြေဒေသနဲ့ အချိန်ကာလတို့ကို သတ်မှတ်ခြင်း၊ နိုင်ငံသားများ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း၊ အရေးပေါ်အခြေအနေများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုရေး တို့နဲ့ စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၅(က)(ခ)၊ ၆(က)(ခ)၊ ၇(က)(ခ)(ဂ) တွင်လည်းကောင်း၊ နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာဖို့နဲ့ စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၈ တွင်းလည်းကောင်း ရှင်းလင်းချက်များသည် အသေးစိတ်အခြေခံရမယ့်မူအဖြစ် သတ်မှတ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခြင်းနဲ့ စပ်လျဉ်း၍ စုစည်းချက်အပိုဒ် ၉ (က)(ခ)နှင့်အပိုဒ် ၁၀ ၌လည်းကောင်း၊

အရေးပေါ်အခြေအနေကြေညာထားစဉ်ကာလအတွင်း နိုင်ငံသားများရဲ့ မူလအခွင့်အရေးကန့်သတ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ အချိန်ကာလတိုးမြှင့်ခြင်းနဲ့ စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၁၁၊ ၁၂(က)(ခ)တွင် လည်းကောင်း၊

နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့တဲ့ အမိန့်ပယ်ဖျက်ခြင်း၊ ဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၁၃၊၁၄၊ ၁၅၊၁၆၊နှင့်အပိုဒ် ၁၇ တွင် လည်းကောင်း၊

ကြားကာလအုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာနဲ့စပ်လျဉ်းပြီး စုစည်း ချက်အပိုဒ် ၁၈(က)(ခ)နှင့် အပိုဒ် ၁၉ တွင်လည်းကောင်း၊

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာပယ်ဖျက်ပြီး အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပရေး၊ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်ကို ဆက်လက်ဆောင်ရွက်ရေးနဲ့ စပ်လျဉ်ပြီး စုစည်းချက်အပိုဒ် ၂၀၊ ၂၁ နှင့် အပိုဒ် ၂၂ တွင်လည်းကောင်း၊

အရေးပေါ်ကာလအခြေအနေ ထုတ်ပြန်ကြေညာထားစဉ်ကာလအတွင်း စစ်ဘက်၊ နယ်ဘက်ဝန်ထမ်းများရဲ့ တရားဝင်ဆောင်ရွက်ချက်များနဲ့ စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၂၃ တွင် ရှင်းလင်းတင်ပြချက်များသည် အသေးစိတ်အခြေခံ မူများအဖြစ် ချမှတ်သင့်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံ ရမည့်မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများကို တင်ပြရင်းနိဂုံးချုပ်အပ် ပါတယ်ခင်ဗျား။ ။

## ဥယျာဉ်မှူးကောင်းများလိုအပ်သည်

* ပြည်ထောင်စုကို၊ ချစ်တယ်ဆိုသူ
မည်သူဖြစ်ဖြစ်၊ တကယ်ချစ်ပြ
မြန်မာ့ရှေ့ရေး၊ မျှော်ခေါ်တွေး၍
လေးလေးနက်နက်၊ မပျက်မယွင်း
ကမ္ဘာချဉ်းအောင်၊ ပြည်ထောင်စုသား
သွေးချင်းများ၏၊ မွေးဖွားချက်ကြွေ
အမိမြေကို၊ စေတနာကောင်း
စိတ်ထားကောင်းနှင့်၊ ရေလောင်းပေါင်းသင်
ပန်းဥယျာဉ်တစ်ခု၊ ပမာပြုလျက်
ယခုလည်းလှ၊ နောင်လည်းလှအောင်
စွမ်းဆောင်သမှု၊ အစဉ်ပြုမည့်
ဥယျာဉ်မှူးကောင်းများ လိုအပ်သည်...။

* အရေးကြီးလျှင်၊ သွေးစည်းကြစမြဲ
အစဉ်လက်တွဲခဲ့၊ အောင်ပွဲရယူ
ဒို့ပြည်သူတွေ၊ မည်သူဖျက်ဖျက်
မပျက်ကွက်ဘူး၊ ရန်ဆူးရန်ငြောင့်
အနှောင့်ပယောဂ၊ ရှိသမျှဖယ်ရှင်း
ဒို့တိုင်းရင်းသား၊ ညီနောင်များတို့
စွမ်းအားကိုယ်စီ၊ ပြခဲ့ပြီပဲ
သမိုင်းထဲမှာ၊ အဖြေရှာကြည့်
ထင်ရှားရှိနေ၊ ဒို့အမွေအနှစ်
ရွှေအစစ်လွတ်လပ်ရေး၊ ရယူပေးသွား
မျိုးချစ်များ၏၊ စွန့်စားစွန့်လွှတ်
အထွတ်တမြတ်၊ သည်စိတ်ဓာတ်မျိုး
ဆထက်တိုး၍၊ ကိုယ်ကျိုးမဖက်
တိုင်းပြည်တွက်ဟု၊ သမိုင်းပြုမည့်
ဥယျာဉ်မှူးကောင်းများ၊ လိုအပ်သည်...။

* ပင်လုံသက်သေ၊ သွေးချင်းတွေရဲ့
ကောင်းမွေတစ်ခု၊ ပြည်ထောင်စုကို
ဖျက်လိုဖျက်ဆီး၊ အမုန်းကြီးမုန်း
အရှုံးကြီးရှုံးအောင်၊ အမှောင်လမ်းပြ
မစ္ဆရိယလွှမ်း၊ အဖျက်လမ်းစဉ်
တွင်တွင်အားထုတ်၊ မည်မျှလုပ်လည်း
မလှုပ်မယှမ်း၊ ဖြောင့်ဖြောင့်တန်းစွာ
ဒို့လမ်းဒို့သွား၊ စုပေါင်းအားကို
ကိုယ့်သားကိုယ့်မြေး၊ အမွေပေးခဲ့
ဒို့သွေးဒို့သား၊ သွေးချင်းများ၏
အင်အားတစ်ခု၊ အခိုင်အမာပြုမည့်
ဥယျာဉ်မှူးကောင်းများ လိုအပ်သည်...။ ။

ဟသ်ာတမြင့်ငွေ

# နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာပြီး ယင်းအမိန့်တွင် အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလကို သတ်မှတ်နိုင်




ရန်ကုန် နိုဝင်ဘာ ၂၈

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် နိုဝင်ဘာ၂၇ရက်တွင်ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေး ပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစိန်ထွန်း ဖတ်ကြားတင်ပြသော မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–**

လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအား လေးစားပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ ကိုယ်စားပြု ကိုယ်စားလှယ် ဦးစိန်ထွန်း ဖြစ်ပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–**

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံက အခြေခံရမည့်မူများနဲ့ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ရာမှာ စနစ်တကျရှိစေဖို့ အခန်းလိုက်ခေါင်းစဉ် ၁၅ ခုကို ဦးစွာသတ်မှတ်ပေးခဲ့ပါတယ်။

အဲဒီလိုသတ်မှတ်ထားတဲ့ အခန်းလိုက်ခေါင်းစဉ် ၁၅ ခုမှာ ရွေးကောက်တင်မြှောက်ခြင်းအခန်း ခေါင်းစဉ်တစ်ခုပါရှိရာ အဲဒီအခန်းနဲ့စပ်လျဉ်းတဲ့ အခြေခံရမည့်မူများကို အောက်ပါအတိုင်း ချမှတ်ထားပါတယ်။

(၁) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရရှိမည်။

(၂) ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

အဲဒီအခြေခံရမည့်မူများအပေါ် မူတည်ပြီး ရွေးကောက်တင်မြှောက်ခြင်းနဲ့စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံက ဆက်လက်ချမှတ်ပေးဖို့ လိုအပ်လျက်ရှိနေကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ နိုင်ငံများရဲ့ ရွေးကောက်တင်မြှောက်ခြင်းနဲ့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကို လည်းကောင်း။

အချို့နိုင်ငံများမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများရဲ့ အသက်နှင့် မိမိနိုင်ငံရဲ့ အခြေအနေနဲ့လိုက်လျောညီထွေရှိအောင် သတ်မှတ်လေ့ရှိကြခြင်းကိုလည်းကောင်း။

မိမိနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ (၂)မှာ ပြဋ္ဌာန်းထားရှိမှု၊ ၁၉၄၈ ခုနှစ် ပါလီမန်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၂၃ မှာ ပြဋ္ဌာန်းထားရှိမှုနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၄ မှာ ပြဋ္ဌာန်းထားရှိမှုတို့အပြင် မိမိတို့နိုင်ငံမှာ အသက်(၁၈)နှစ်ပြည့်ပြီး ဥပဒေနှင့်ညီညွတ်သူတိုင်းကို ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးများပေးခဲ့တဲ့ အစဉ်အလာနဲ့အညီ နောင်တွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်နဲ့စပ်လျဉ်းပြီး ရွေးကောက်ပွဲ စတင်ကျင်းပသည့် နေ့ရက်တွင် အသက်(၁၈)နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူ မဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်လို့ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်၊ မသင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–**

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

- လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရေးနဲ့စပ်လျဉ်း၍လည်းကောင်း၊
- ဆန္ဒမဲပေးပိုင်ခွင့်ပြုသင့်၊ မပြုသင့်နဲ့စပ်လျဉ်း၍ လည်းကောင်း၊
- လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်နှင့် မဲဆန္ဒနယ်တစ်နယ်တွင်သာ ရွေးကောက်ယှဉ်ပြိုင်ခွင့်ရှိကြောင်းကို လည်းကောင်း၊
- ပြည်ထောင်စုနယ်မြေအတွက် ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်း၍ လည်းကောင်း၊
- နိုင်ငံသားတိုင်း ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နဲ့စပ်လျဉ်း၍လည်းကောင်း၊
- လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှရုပ်သိမ်းသည့်အခါ ဆောင်ရွက်သင့်တဲ့ နည်းလမ်းများနဲ့စပ်လျဉ်း၍လည်းကောင်း၊
- ရွေးကောက်တင်မြှောက်ခြင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်များကို သတ်မှတ်ခြင်းနဲ့ စပ်လျဉ်း၍လည်းကောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး အပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ နုတ်ထွက်ခြင်းနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်ရဲ့ ရာထူးလစ်လပ်ခြင်းနဲ့စပ်လျဉ်း၍ လည်းကောင်း၊



**တင်ပြ**

**မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ အကြံပြုချက် စာတမ်းကို မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစိန်ထွန်း ဖတ်ကြားတင်ပြစဉ်။**
(သတင်းစဉ်)

- ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များဟာ နိုင်ငံ့ဝန်ထမ်းဖြစ်ရင် ဆောင်ရွက်ရမည့်ကိစ္စနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များ အပြီးအပြတ် အတည်ဖြစ်စေရေးနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ အဆင့်သတ်မှတ်ရေးနဲ့လည်းကောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရဲ့ လေ့လာရရှိမှုများကို မိမိတို့အနေဖြင့် ဖတ်ရှုလေ့လာမှုပြုခဲ့ပါတယ်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို စုစည်းလျက် အမှတ်စဉ်(၁)မှ အမှတ်စဉ်(၁၄)အထိကို ကိုယ်စားလှယ်များမှ အကြံပြုနိုင်ရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲဒီ လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ စုစည်း ရှင်းလင်းပြောကြားချက်များဟာ ပြည့်စုံဆီလျော်မှုရှိသည်ကို တွေ့ရှိရတဲ့အတွက် အသေးစိတ်အခြေခံရမည့်မူများ အဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

တစ်ဆက်တည်းမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့်တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀ နှစ် အခြေချနေထိုင်ခဲ့သူဟု ချမှတ်ပေးထားတဲ့ အသေးစိတ်အခြေခံရမည့်မူအောက်တွင် ခြွင်းချက်အဖြစ် “နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်” လို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ဖို့ကိုလည်း သင့်တော်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–**

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံရေးပါတီများအခန်းအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနဲ့စပ်လျဉ်း၍ နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်း ဆောင်ရွက်မည်လို့ အခြေခံရမည့်မူချမှတ်ထားကြောင်း၊ ချမှတ်ထားတဲ့ အခြေခံရမည့်မူနဲ့အညီ စစ်မှန်သော စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးအတွက်လည်းကောင်း၊ နိုင်ငံသားများကို မှန်မှန်ကန်ကန်ဦးဆောင်မှုပေးနိုင်မည့် နိုင်ငံရေးပါတီများ ပေါ်ပေါက်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ဖို့ ဥပဒေပြဋ္ဌာန်းသင့်ကြောင်း။

မိမိတို့နိုင်ငံရဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဓလေ့ထုံးတမ်းတို့နဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်များပါရှိမှသာ သက်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းတဲ့အခါ လိုက်နာဆောင်ရွက်နိုင်ကြမှာဖြစ်ကြောင်း။

အဲဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းနိုင်အောင် နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံက ချမှတ်ပေးဖို့ လိုအပ်ကြောင်းဖြင့် နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းပြီး–

(က) ဦးတည်ချက်များ

(ခ) လိုက်နာရမည့် စည်းကမ်းချက်များ

(ဂ) ရပ်တည်ပိုင်ခွင့်မရှိခြင်းတို့ဖြင့် သုံးပိုင်းခွဲခြား၍

လုပ်ငန်းကော်မတီဥက္ကဋ္ဌက အကျယ်တဝင့် ရှင်းလင်းတင်ပြသွားပါတယ်။

ဒါကြောင့် နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်လို့ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်၊ မသင့် ကိုယ်စားလှယ်များမှ ဆွေးနွေးအကြံပြုပေးကြဖို့ လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

အလားတူ–

- နိုင်ငံရေးပါတီများလိုက်နာရမည့် သတ်မှတ်ချက်များနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- နိုင်ငံရေးပါတီအဖြစ် ရပ်တည်စည်းရုံးခွင့်၊ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်နှင့်စပ်လျဉ်း၍ လည်းကောင်း၊
- နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်းနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- ပြည်ထောင်စုလွှတ်တော်က နိုင်ငံရေးပါတီများနဲ့စပ်လျဉ်း၍ လိုအပ်တဲ့ ဥပဒေများကို ပြဋ္ဌာန်းပေးသင့်ကြောင်းတို့ကိုလည်းကောင်း

သုံးသပ် ရှင်းလင်းပြောကြားခဲ့ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ နိုင်ငံရေးပါတီများအခန်းနဲ့စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမည့်မူများကို စုစည်း၍ သင့်၊ မသင့် ကိုယ်စားလှယ်များက အကြံပြုပေးကြဖို့ တင်ပြထားတာ တွေ့ရပါတယ်။

မိမိတို့အနေဖြင့် အထက်ဖော်ပြပါ လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ စုစည်းတင်ပြထားတဲ့ နိုင်ငံရေးပါတီများအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် စုစည်းတင်ပြထားတဲ့ အမှတ်စဉ်(၁)မှ အမှတ်စဉ်(၆)အထိဟာ ပြည့်စုံညီညွတ်မှုရှိပါသဖြင့် သင့်တော်ပါကြောင်း အကြံပြု ဆွေးနွေးတင်ပြအပ်ပါတယ်။

## အရေးပေါ်ဆိုင်ရာပြဋ္ဌာန်းချက်များအခန်း

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–**

ဆက်လက်ပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိရမည့် အခန်းအလိုက်ခေါင်းစဉ်များ လျာထားသတ်မှတ်ရာတွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များဟူ၍ ခေါင်းစဉ်တစ်ရပ် သီးခြားသတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဲဒီခေါင်းစဉ်နဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားခဲ့တာ တွေ့ရှိရပါတယ်။

အခြေခံမူအတွက် အသေးစိတ်အခြေခံမူများ ချမှတ်စဉ်က အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့စပ်လျဉ်းပြီး–

- တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွင်ဖြစ်စေ၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတသည် ထိုတိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု၏ အုပ်ချုပ်ခွင့်ဆိုင်ရာ အခွင့်အာဏာကို သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ ထိုသို့ဆောင်ရွက်ရာ၌ လိုအပ်လျှင် ထိုတိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနှင့်သက်ဆိုင်သည့် ဥပဒေပြုခွင့်အာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်သမ္မတ က သုံးစွဲ ဆောင်ရွက်ခွင့်ရှိသည်။
- တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်ခုတွင်ဖြစ်စေ၊ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန်လုံလောက်သောအကြောင်းရှိလျှင် ထိုအန္တရာယ်ကို တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်များနှင့်အညီ တားဆီးကာကွယ်စောင့်ရှောက်ခွင့်ရှိသည်။
- နိုင်ငံတော်အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုစသော အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရယူ၊ သုံးစွဲခွင့်ရှိသည်လို့ ချမှတ်ခဲ့ကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြသွားရာမှာ–

- နိုင်ငံအများအပြားရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ ပြဋ္ဌာန်းထားကြတာကို လေ့လာတွေ့ရှိခဲ့မှုကိုလည်းကောင်း၊
- အရေးပေါ်အခြေအနေ ကြေညာခြင်းနဲ့စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၉၄(၁)၊ (၃)နှင့်
- ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၆ တွင် နိုင်ငံတော်၏ ဒေသအချို့တွင်သော်လည်းကောင်း၊ နိုင်ငံတော်တစ်ဝန်းလုံးတွင်သော် လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနဲ့လုံခြုံရေးအတွက် အရေးပေါ်အခြေအနေ ပေါ်ပေါက်လာလျှင် နိုင်ငံတော်ကောင်စီသည် လိုအပ်သော အရေးပေါ်အခြေအနေကြေညာ၍ စစ်အုပ်ချုပ်ရေးဥပဒေကို ထုတ်ပြန်နိုင်သည်ဟူ၍ လည်းကောင်း၊ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လေ့လာရာမှာ အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာနိုင်တဲ့ အခွင့်အာဏာကို နိုင်ငံတော်သမ္မတအား အပ်နှင်းလေ့ရှိကြောင်း လေ့လာတွေ့ရှိရမှုကိုလည်းကောင်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

# အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားစဉ်ကာလအတွင်း စစ်ဘက်၊ နယ်ဘက် ဝန်ထမ်းများ၏ဆောင်ရွက်ချက်များ ဖော်ပြထား

စာမျက်နှာ ၆ မှ

- နိုင်ငံတချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ မိမိတို့နိုင်ငံရဲ့ အနေအထား၊ အခြေအနေ၊ ရေ၊ မြေ၊ သဘာဝတို့အပေါ်မူတည်ပြီး စည်းကမ်းသတ်မှတ်လေ့ရှိကြောင်း လေ့လာတွေ့ရှိခဲ့ရမှုကိုလည်းကောင်း အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမည့်မူများအရ တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကိုလည်း ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများကို ခွဲဝေအပ်နှင်းပေးမှာဖြစ်ကြောင်း–

အုပ်ချုပ်ရေးအဖွဲ့အစည်းတွေရဲ့ ချို့ယွင်းမှု၊ အားနည်းမှုတွေကြောင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းတွေမှာ လျော့ရိလျော့ရဲဖြစ်လာနိုင်သလို အဲဒီအားနည်းချက်တွေအပေါ် အမြတ်ထုတ်လိုကြတဲ့ မသမာသူတွေရဲ့ ပယောဂတွေကြောင့် အုပ်ချုပ်ရေးယန္တရားလည်ပတ်နေမှုဟာ ပုံမှန်အနေအထားက ပျက်ယွင်းလာတတ်ကြောင်းကို လည်းကောင်း။

အုပ်ချုပ်ရေးယန္တရားကြီး ပုံမှန်လည်ပတ်နိုင်စွမ်းမရှိလောက်အောင် အခြေအနေမျိုး ပေါ်ပေါက်လာပြီဆိုလျှင် တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးကို ထိပါးတော့မည့် အရိပ်လက္ခဏာပဲဖြစ်တယ်ဟူ၍ လည်းကောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဒါ့အပြင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် လုပ်ငန်းကော်မတီက လေ့လာတွေ့ရှိချက်များကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြ ပြောကြားခဲ့မှုများကိုလည်း မိမိတို့အနေဖြင့် ဖတ်ရှုလေ့လာခွင့် ရရှိခဲ့ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက လုပ်ငန်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို တင်ပြရာမှာ–

(၁) တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊

(၂) တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရဲ့ အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုရေးအာဏာတို့ကို သုံးစွဲဆောင်ရွက်ခြင်းနဲ့စပ်လျဉ်း၍ လည်းကောင်း၊

(၃) တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အခြေအနေမျိုး ပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာခြင်းနဲ့စပ်လျဉ်း၍ လည်းကောင်း၊

(၄) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက် အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း တပ်မတော်၏အကူအညီ စောင့်ရှောက်မှုကို ရယူဆောင်ရွက်ခြင်းလိုအပ်ပါက အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ကြေညာခြင်းတို့နဲ့စပ်လျဉ်း၍ လည်းကောင်း၊

(၅) နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာခြင်း၊ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ခြင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းတို့နဲ့စပ်လျဉ်း၍ လည်းကောင်း၊

(၆) နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်တဲ့ အမိန့်ထုတ်ပြန်ပြီး ကြေညာခဲ့တဲ့ အရေးပေါ်အခြေအနေများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုရေးနဲ့စပ်လျဉ်း၍ လည်းကောင်း၊

(၇) နိုင်ငံတော်သမ္မတက ထုတ်ပြန်တဲ့ အရေးပေါ်အခြေအနေ ကြေညာခြင်းဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်ခြင်း၊ ကုန်ဆုံးခြင်း၊ ရပ်စဲခြင်းတို့နဲ့စပ်လျဉ်း၍ လည်းကောင်း၊

(၈) နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှု စတဲ့ အဓမ္မနည်းဖြင့် ရယူဖို့ဆောင်ရွက်ခြင်း၊ ကြိုးပမ်းအားထုတ်ခြင်းကြောင့် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးရတော့မည့် အခြေအနေမျိုး ပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာဖို့နဲ့စပ်လျဉ်း၍ လည်းကောင်း၊

(၉) နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေရေးနဲ့စပ်လျဉ်း၍ လည်းကောင်း၊

(၁၀) နိုင်ငံတော်အာဏာ လွှဲအပ်ခြင်းခံရသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခြင်းနဲ့စပ်လျဉ်း၍ လည်းကောင်း၊

(၁၁) အရေးပေါ်အခြေအနေ ကြေညာထားစဉ်ကာလအတွင်း နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း၊ ရပ်ဆိုင်းခြင်းတို့နဲ့စပ်လျဉ်း၍ လည်းကောင်း၊

(၁၂) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်စေတဲ့ကိစ္စကို နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊ အချိန်ကာလတိုးမြှင့်သတ်မှတ်ခြင်းတို့နဲ့စပ်လျဉ်း၍လည်းကောင်း၊

(၁၃) နိုင်ငံတော်သမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့သည့်အမိန့်ကို ပယ်ဖျက်ခြင်းနဲ့စပ်လျဉ်း၍လည်းကောင်း၊

(၁၄) နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းပေးရေးနဲ့စပ်လျဉ်း၍လည်းကောင်း၊

(၁၅) ၁၂-၁၂-၂၀၀၅ နေ့တွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးက အတည်ပြုချမှတ်ခဲ့သည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနဲ့စပ်လျဉ်း၍ လည်းကောင်း၊

(၁၆) အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် တာဝန်ကို တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်လို့ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်၊ မသင့်ကိုလည်းကောင်း၊

(၁၇) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အစီရင်ခံစာကိုရရှိသည့်အခါ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်အမိန့်ကို ပယ်ဖျက်ခြင်း ကြေညာဖို့ကို လည်းကောင်း၊

(၁၈) အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများနဲ့ စပ်လျဉ်းပြီး ဒီကြားကာလအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ပြည်ထောင်စုအဆင့် တိုင်းဒေသကြီးနဲ့ ပြည်နယ် စသည်တို့တွင် သင့်လျော်တဲ့ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ကျင့်သုံးဆောင်ရွက်စေသင့်မှုကို လည်းကောင်း၊

(၁၉) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများကို ပြဋ္ဌာန်းထားသော သက်ဆိုင်ရာအရည်အချင်းနှင့်ညီညွတ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်လို့ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်၊ မသင့်ကို လည်းကောင်း၊

(၂၀) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ထားတဲ့ အမိန့်ကိုပယ်ဖျက်ပြီး အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးနဲ့စပ်လျဉ်း၍ လည်းကောင်း၊

(၂၁) အပိုဒ် ၁၉ အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်ဆက်လက်ဆောင်ရွက်စေရေးနဲ့စပ်လျဉ်း၍ လည်းကောင်း၊

(၂၂) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်အာဏာများကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတအမည်ဖြင့် ဖော်ပြဆောင်ရွက်သင့်၊ မသင့်ကို လည်းကောင်း၊

(၂၃) အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားစဉ် ကာလအတွင်း စစ်ဘက်၊ နယ်ဘက်ဝန်ထမ်းများရဲ့ တရားဝင်ဆောင်ရွက်ချက်များနဲ့ စပ်လျဉ်း၍ လည်းကောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ လေ့လာတွေ့ချက်ရှိချက်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားချက်များအား ကောင်းစွာဖတ်ရှု လေ့လာမှတ်သားခွင့်ရရှိခဲ့ပါတယ်။ အားလုံးဟာ ပြည့်စုံညီညွတ်မှုရှိပါသဖြင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင်တဲ့ အသေးစိတ်အခြေခံရမည့်မူများအဖြစ် စုစည်းတင်ပြထားတဲ့ အမှတ်စဉ်(၁)မှ အမှတ်စဉ်(၂၃)အထိဟာ သင့်တော်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–**

သီးခြားအကြံပြုချက်အနေဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ သီးခြားအကြံပြုတင်ပြလိုပါတယ်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားခဲ့သည့် စုစည်းချက်အပိုဒ် ၃(ခ)တွင် အထက်အပိုဒ်ခွဲ(က)အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့် ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီထုတ်ပြန်ကြေညာနိုင်သည်။ ယင်းသို့ ထုတ်ပြန်ကြေညာချက်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အမြန်ဆုံးတင်ပြအတည်ပြုချက်ရယူရမည်လို့ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၁၂-၁၂-၂၀၀၅ ရက်နေ့တွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးက အတည်ပြုချမှတ်ခဲ့သည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနဲ့စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံတော်သမ္မတက ဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်–

(၁) နိုင်ငံတော်သမ္မတ
(၂) ဒုတိယသမ္မတ
(၃) ဒုတိယသမ္မတ
(၄) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ
(၅) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ
(၆) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(၇) ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(၈) ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး
(၉) နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး
(၁၀) ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး
(၁၁) နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး

လို့ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ထားပြီးဖြစ်ပါတယ်။

ယင်းကြောင့် အကယ်၍ ကောင်စီဝင်များ ခရီးလွန်နေလျှင်သော်လည်းကောင်း၊ ကျန်းမာရေးကြောင့်လည်းကောင်း၊ အခြားအကြောင်းများကြောင့်လည်းကောင်း၊ ပြည့်ပြည့်စုံစုံမတက်ရောက်နိုင်ပါကလည်း နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဝင် ကျန်ရှိသည့် ပုဂ္ဂိုလ်များနဲ့ ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို ကြေညာထုတ်ပြန်နိုင်သည်ဟု ထည့်သွင်းဖော်ပြပါက ပိုမို၍ သင့်လျော်မှုရှိစေမည်ဟု ယူဆရပါတယ်။

သို့ပါ၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ သီးခြားအကြံပြုချက်အနေဖြင့်–

- နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့် ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီ ထုတ်ပြန်ကြေညာနိုင်သည်ဟု ဆိုသော အပိုဒ်အစား "နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်နိုင်ခြင်းမရှိပါက ကျန်ရှိသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဝင်တို့နဲ့ ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီ ထုတ်ပြန်ကြေညာနိုင်သည်"လို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း သီးခြားအကြံပြု ဆွေးနွေးတင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆန္ဒပြု ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

## နားနေဆောင်ဖွင့်

**အကျဉ်းဦးစီးဌာန အင်းစိန်ဗဟိုအကျဉ်းထောင်၌ ထောင်ဝင်စာ ညှိတွေ့သူများ ခေတ္တ နားနေဆောင်ဖွင့်ပွဲ ကျင်းပစဉ်။**

(အကျဉ်းဦးစီးဌာန)



## အင်းစိန်ဗဟိုအကျဉ်းထောင်၌ထောင်ဝင်စာညှိတွေ့သူများ နားနေဆောင်ဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန အင်းစိန် ဗဟိုအကျဉ်းထောင်၌ ထောင်ဝင်စာညှိတွေ့သူများ ခေတ္တနားနေဆောင်ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် အဆိုပါခေတ္တနားနေဆောင်၌ ကျင်းပရာ ရှေးဦးစွာ ထောင်ဝင်စာတွေ့သူ မိသားစုနှစ်ဦးတို့က ဖဲကြိုးဖြတ်၍ ထောင်ဝင်စာ ညှိတွေ့သူများ ခေတ္တနားနေဆောင်ကို ဖွင့်လှစ်ပေးကြပြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက ရုပ်မြင်သံကြားဖမ်းစက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ထောင်ဝင်စာလာရောက်တွေ့ဆုံကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### အနားယူရန်

အဆိုပါ ထောင်ဝင်စာ ညှိတွေ့သူများ ခေတ္တနားနေဆောင်ကို ငွေကျပ် ၃၅ သိန်းကျော် အကုန်အကျခံကာ အခင်းကြွေပြားများခင်း၍ ပြန်လည်မွမ်းမံပြင်ဆင်ထားပြီး ထောင်ဝင်စာတွေ့ဆုံသူများ စိတ်ချမ်းမြေ့စွာ အနားယူရန်အတွက် ၂၁ လက်မ ရုပ်မြင်သံကြားဖမ်းစက်၊ အောက်စက်၊ ပလတ်စတစ်ထိုင်ခုံသစ်များနှင့် မျက်နှာကျက်ပန်ကာငါးလုံးတို့ တပ်ဆင်ထားသည်။ ထို့အပြင်အင်းစိန်ဗဟိုအကျဉ်းထောင်၏ ဆောင်ရွက်ချက် နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ပြသထားပြီး ထောင်အတွင်း မသွင်းရန် တားမြစ်ထားသည့် စည်းကမ်းချက်များနှင့် အကျဉ်းသား၊ အချုပ်သားတို့သို့ ပေးသွင်းရန် ခွင့်ပြုထားသည့် စာရင်းတို့ကို ချိတ်ဆွဲထားကာ ထောင်ဝင်စာတွေ့သူများ သောက်သုံးနိုင်ရန် သောက်ရေသန့်ဘူးများကို ထားရှိပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မျှားပုံတံတားတည်ဆောက်ရေးလုပ်ငန်းများ ၉၆ရာခိုင်နှုန်းပြီးစီးနေ ပြည်တွင်းဖြစ်တံတားသံပေါင်များဖြင့် စနစ်တကျတည်ဆောက်ထား





နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

■ **ရွှေဖုံးမှ**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် စီမံကိန်း ရှင်းလင်းဆောင်မှတစ်ဆင့် တမံတည်ဆောက်ပြီးစီးမှုနှင့် တမံအတွင်းရေသိုလှောင် ထိန်းသိမ်းထားနိုင်မှုများကို ကြည့်ရှုကြသည်။

**လျာထား**

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက စီမံကိန်းတည်နေရာနှင့် စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မမြရေလှောင်တမံစီမံကိန်း၌ တမံတည်ဆောက်မပြီးခင်ကတည်းကပင် တမံအတွင်း ရေကို စုဆောင်းနိုင်သမျှ စုဆောင်းထိန်းသိမ်းပြီး ဆည်ရေသောက်စနစ် မပြီးစီးမီကြိုတင်၍ စိုက်ပျိုးရေပေးဝေခဲ့ပါကြောင်း၊ ယမန်နှစ်က နွေစပါးဧက ၃၀၀သို့ စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် ဧက၂၀၀၀ အတွက် စိုက်ပျိုးရေ ပေးဝေနိုင်ရန် လျာထားပါကြောင်း။

မမြရေလှောင်တမံ စီမံကိန်းသည် စိုက်ပျိုးရေ ပေးဝေနိုင်မည်သာမက ရေအားလျှပ်စစ်ပါ ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တူးမြောင်းမကြီးဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ပင်မတမံတည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြန်အောင်မြို့နယ် ပုသိမ်-မုံရွာကားလမ်းမဘေး မျှင်ဝါးတောင် ကျေးရွာအနီး မမြချောင်းပေါ်၌ မမြရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

**မြေသားတမံ**

တမံမှာမြေသားတမံအမျိုးအစားဖြစ်ပြီးတမံအမြင့်ပေ ၁၅၀၊တမံအလျားပေ ၁၁၈၀၀ ရှိကာ ရေဧကပေခုနစ်သောင်း သိုလှောင်နိုင်မည့် တမံဖြစ်သည်။

စီမံကိန်းပြီးစီးပါက မြန်အောင်မြို့နယ်အတွင်းရှိ လယ်မြေဧကတစ်သောင်းကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ်ကီလိုဝပ် ၅၀၀လည်း ထုတ်ယူရရှိမည်ဖြစ်သည်။







နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ငဝန်တံတား(မြို့ကွင်း)တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ရေစိမ့်တား ကွန်ကရစ်နံရံ၊ ပင်မတမံ၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်၊ ရေပိုလွှဲနှင့်ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများ၊ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စီမံလျက်ရှိ**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက စိုက်ပျိုးရေအတွက် ယခုကဲ့သို့ ရေလှောင်တမံများ တည်ဆောက်ရာ၌ ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း ဖြစ်နိုင်ချေရှိပါက ထည့်သွင်းတည်ဆောက်နိုင်အောင် စီမံလျက်ရှိကြောင်း။

**ပိုမိုအကျိုးရှိ**

ယခုမမြရေလှောင်တမံ၌ ထည့်သွင်းတည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အား ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်မည်ဆိုပါက ပတ်ဝန်းကျင်ဒေသအတွက် ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဟင်္သာတမြို့နယ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ငဝန်တံတား(မြို့ကွင်း)တည်ဆောက်ရသည့် ရည်ရွယ်ချက်နှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**တည်ဆောက်ပြီးမှုတင်ပြ**

ဆက်လက်၍ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄) အင်ဂျင်နီယာမှူးဦးကျော်လင်းက ဟင်္သာတဘက်ကမ်းနှင့် အင်္ဂပူဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ရေးလုပ်ငန်းများ၊ ပင်မတံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တံတားကို ရေရှည်တည်တံ့အောင် သေသေသပ်သပ် ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဟင်္သာတဘက်ကမ်း ချဉ်းကပ်တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ပင်မတံတားတည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

လက်ရှိအသုံးပြုလျက်ရှိသော ငဝန်တံတား(မြို့ကွင်း)သည် ရထားလမ်းနှင့် ကားလမ်းတံတားဖြစ်သည်။ ယင်းတံတားမှာ ၁၉၀၇ခုနှစ် ကတည်းက အသုံးပြုခဲ့သော တံတားဖြစ်သည်။ တံတားသက်တမ်းကြာလာပြီဖြစ်သဖြင့် ပြောင်းလဲတိုးတက်လာသည့်ယာဉ်နှင့် ဝန်များ၏ အလေးချိန်များအတွက် ကန့်သတ်ချက်များရှိလာပြီဖြစ်သည်။ ထို့ကြောင့် ဟင်္သာတမြို့နယ်နှင့် အင်္ဂပူမြို့နယ် အကြား

## ဖျာပုံတံတား တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဖျာပုံတံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)





ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၇ရက် နံနက်၉နာရီခွဲတွင် ဖျာပုံမြို့နယ်ရှိ ဖျာပုံတံတားတည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

### ကွန်ရက်ပတ်လမ်း

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းကဖျာပုံတံတားနှင့်စပ်လျဉ်း၍ တံတားအကြောင်း ရှာဖွေရွေးချယ်ခဲ့မှုများ၊ ရန်ကုန်– ညောင်တုန်း– မအူပင်– ကျိုက်လတ်–ဖျာပုံ–ဒေးဒရဲ–ကွမ်းခြံကုန်း– ဒလလမ်း ကွန်ရက်ပတ်လမ်း၌ အရေးပါသောဖျာပုံတံတားကို ပြည်တွင်းဖြစ်တံတား သံပေါင်များဖြင့် စနစ်တကျတည်ဆောက်ထားပုံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၇) အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က ဖျာပုံဘက်ကမ်းနှင့် ဒေးဒရဲဘက်ကမ်း ချဉ်းကပ်တံတားတည်ဆောက်ခဲ့မှုများ၊ ပင်မတံတားတည်ဆောက်ခဲ့မှုများ၊ ပင်မတံတားနှင့်ချဉ်းကပ်တံတားများပေါ်၌ ကျောက်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

### စနစ်တကျပြုစု

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက နောင်မျိုးဆက်သစ် အင်ဂျင်နီယာများအား တံတားတည်ဆောက်ရေးလုပ်ငန်းအတွေ့အကြုံများ၊ သိသင့်သိထိုက်သည်များ သိရှိမှတ်သားအတုယူနိုင်ရေးအတွက် တံတားတည်ဆောက်ရေးဆိုင်ရာမှတ်တမ်းများနှင့် အတွေ့အကြုံများကို စနစ်တကျပြုစုထားရှိကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်မှ ဖျာပုံတံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုကြသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် တံတားပေါ်သို့တက်ရောက်ကြည့်ရှုစစ်ဆေးကြပြီး ဖျာပုံမြို့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဖျာပုံတံတားမှာ ဖျာပုံမြစ်ကိုဖြတ်၍ ဖျာပုံမြို့ အမှတ်(၁)ရပ်ကွက်နှင့် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာကို ဆက်သွယ်တည်ဆောက်ထားသည့် တံတားဖြစ်သည်။

### ၉၆ရာခိုင်နှုန်းပြီးစီး

တံတားမှာ ၂၈ပေကျယ် နှစ်လမ်းမောင်းတံတားဖြစ်ပြီး တံတား၏ စုစုပေါင်းအရှည်မှာ ၃၉၃၂ပေ ၈လက်မရှိသည်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ခံနိုင်ဝန်ရှိသည့် တံတားဖြစ်သည်။ ဖျာပုံတံတားတည်ဆောက်ရေးလုပ်ငန်းများ ယခုအခါ ၉၆ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်သည်။

**(သတင်းစဉ်)**

ဟသ်ာတ–မြို့ကွင်း ကွင်းကောက်ကားလမ်းပေါ်၌ ၄၀န်တံတား(မြို့ကွင်း) အသစ်တစ်စင်းကို တည်ဆောက်ရခြင်း ဖြစ်သည်။

### တန်၆၀ခံနိုင်

တံတားအသစ်၏ ပင်မတံတားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ–သံပေါင်–သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ စုစုပေါင်း ၂၈၃၅ ပေ ရှည်မည့်တံတားဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၈ပေရှိ နှစ်လမ်းမောင်းတံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး ယာဉ်တစ်စီးချင်း တန်၆၀ခံနိုင်ဝန်ရှိမည့် တံတားဖြစ်သည်။





နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မမြရေလှောင်တမံတူးမြောင်းမကြီးဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# အထက(၃) မြောက်ဥက္ကလာပ အငြိမ်းစားအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

အထက(၃) မြောက်ဥက္ကလာပ အငြိမ်းစားအကြိမ်မြောက် ကျောင်းသား၊ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း မြကန်သာခန်းမတွင် ကျင်းပမည်ဖြစ်သည်

အာစရိယပူဇော်ပွဲသို့ ကျောင်းသား၊ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဦးသန်းဝင်း ဖုန်း–၆၉၉၉၆၅၊ ဦးဇော်သန့် ဖုန်း–၆၉၀၃၉၄၊ ဦးကျော်တင့် ၀၉–၅၁–၀၅၅၉၄၊ ဒေါ်နီနီစော ဖုန်း–၆၉၉၉၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

### ● ကျောဖုံးမှ

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် နိုင်ငံနှင့်အနှံ့၌ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်စေရန်၊ ဆည်မြောင်းတာတမံ၊ လမ်းတံတားစသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်ရေးစသော စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းလာစေရန်နှင့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် အထူးအလေးထား ဆောင်ရွက်ပေးခဲ့ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများအားလုံးသည် ဤအခြေခံအချက်များကို အဓိကထားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ခြင်းပင် ဖြစ်ကြောင်း။

### ပြောင်းလဲတည်ဆောက်

ယခုကဲ့သို့ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံးဖြန့်ကြက်တည်ဆောက်ပေးရင်း ပညာရေးစနစ် တစ်ရပ်လုံးကိုလည်း အနာဂတ်ကိုမျှော်မှန်းသည့် ပညာရေးစနစ်သစ်ဖြစ်လာစေရန်အခြေခံက စပြီး ပြောင်းလဲတည်ဆောက်ပေးခဲ့ကြောင်း။

ပညာရေးလောကက ဆရာ ဆရာမကြီးများ၊ ပညာရှင်များ၊ ပညာရေးစီမံခန့်ခွဲသူများ ပေါင်းစည်းပါဝင်သော ပညာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများ နှစ်စဉ်ကျင်းပပြီး အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ရေးဆွဲချမှတ်အကောင်အထည်ဖော်ရင်း လိုအပ်သည်များ ပြန်လည်သုံးသပ်ပြုပြင်ပြီး စနစ်တကျ စီမံဆောင်ရွက်လာခဲ့သည့်အတွက် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများ အပါအဝင် ပညာရေးလောက တိုးတက်မြင့်မားမှု အခြေခံကောင်းများ ယနေ့အကောင်အထည်ပေါ် ဖြစ်ထွန်းနေခြင်းပင်ဖြစ်ကြောင်း။

### ပညာသင်ကြားပေးနိုင်

ယခုဆိုလျှင် နိုင်ငံနှင့် အနှံ့၌ အခြေခံပညာ စာသင်ကျောင်းပေါင်း လေးသောင်းငါးရာကျော်တွင် ဆရာဆရာမ နှစ်သိန်းငါးသောင်းကျော်ကနေ ကျောင်းသူကျောင်းသား ခုနစ်သန်း ရှစ်သိန်းကျော်ကို ပညာသင်ကြားပေးနိုင်လျက်ရှိနေပြီဖြစ်ကြောင်း။

ယနေ့ အခြေခံပညာကဏ္ဍတွင် အဆင့်မြင့်ပညာကဏ္ဍနှင့်အလိုက်သင့်ချိတ်ဆက်သင်ယူနိုင်စေမည့် အဆင့်မြင့်သင်ရိုးညွှန်းတမ်းများ၊ ခေတ်မီဓာတ်ခွဲခန်းများ၊ အီလက်ထရွန်နစ်သင်ထောက်ကူ စာသင်ခန်းများဖြင့် ပြည့်စုံနေပြီဖြစ်သည့် ပညာရေးစနစ်သစ်အတွင်းတွင် ကျောင်းသူ ကျောင်းသားများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်နေပြီဖြစ်ကြောင်း။

### တိုးတက်မြင့်မားလာ

ထို့အပြင် ဆရာအတတ်ပညာ အရည်အသွေး ပြည့်ဝမြင့်မားရေး၊ တတ်သိကျွမ်းကျင်သည့် ဘာသာရပ်အလိုက် အရည်အသွေး ပြည့်ဝသော ဆရာများဖြင့် သင်ကြားနိုင်ရေးတို့ကို အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ပညာရေးကဏ္ဍတစ်ရပ်လုံး အဘက်ဘက်က အဆင့်အတန်း တိုးတက်မြင့်မားလာခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ဤအခြေခံကောင်း၊ အရည်အသွေးကောင်းများကို အကျိုးရှိထိရောက်စွာအသုံးပြုပြီး အခြေခံပညာ အရည်အသွေးမြင့်မားရေး၊အခြေခံပညာကဏ္ဍ၏ ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေရေးတို့အတွက် ဆရာဆရာမများအားလုံးကပိုင်းဝန်းအားထုတ်ကြိုးပမ်းသွားရမည့် အချိန်အခါကို ရောက်ရှိနေပြီလည်း ဖြစ်ကြောင်း။

ယနေ့သိပ္ပံနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများသည် သက်ဆိုင်ရာဘာသာရပ်နယ်ပယ်တွင် ရပ်တန့်မနေလျက် နိစ္စဓူဝ လူမှုစီးပွားရေးဘဝအတွင်း လွှမ်းမိုးကြီးစိုးလာနေသည့်အတွက် ပညာရေး၏ ဦးတည်ချက်သည်လည်း လက်တွေ့လူမှုဘဝ၌ အသုံးပြုနိုင်ရန် အဓိကဖြစ်လာနေပြီဖြစ်ကြောင်း။

### လက်တွေ့အကျိုးရှိ

ပညာရေးသည် ကျောင်းပရဝဏ်ကို ကျော်ထွက်လာနေပြီဖြစ်သည့် ယနေ့အချိန်အခါတွင် ဆရာ ဆရာမတို့အနေဖြင့် မိမိတို့၏ တပည့်ကျောင်းသူ ကျောင်းသားများကို ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းအကျိုးအတွက် လက်တွေ့ အကျိုးရှိစေရမည်ဆိုသော ဦးတည်ချက်ဖြင့် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း။

ဆရာဆရာမများ ကိုယ်တိုင်ကလည်း မိမိပတ်ဝန်းကျင် လူ့အဖွဲ့အစည်း၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် ကျရာကဏ္ဍကအထောက်အကူပြုရင်း မိဘပြည်သူများ အတွေးအမြင်၊ အသိပညာတို့ဖြင့် ပြည့်စုံကြွယ်ဝစေရအောင် ပညာရေးဖြင့် ရှေ့ဆောင်မှုပေးကြရမည်ဖြစ်ကြောင်း၊ ဆရာဆရာမတို့အနေဖြင့် မြန်မာလူမျိုးတို့၏ ထူးခြားမွန်မြတ်သည့် လူမှုရေးစေတနာ စွမ်းအားကို အရအမိ အသုံးချပြီး မိမိတို့၏ ကျောင်းနှင့်တကွ မိမိတို့၏ တပည့်ကျောင်းသူ ကျောင်းသားများအတွက် ပညာရေးအခြေခံကောင်းများ ဖြစ်ထွန်းလာစေရအောင် ကြိုးစားအားထုတ်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း။

### တိုးပွားဖြစ်ထွန်း

စာသင်ကျောင်း၏ လူမှုပတ်ဝန်းကျင်ကနေ စာသင်ကျောင်းအတွက် လိုအပ်သော ပံ့ပိုးကူညီထောက်ပံ့မှုများကို ရယူရမည်ဖြစ်သကဲ့သို့ မိမိတို့စာသင်ကျောင်းကတစ်ဆင့် ရပ်ရွာအဖွဲ့အစည်းအတွင်း ပညာရေးလိုလားစိတ်၊ ပညာရေးကို အားပေးလိုစိတ်၊ စာပေအတွေ့အကြုံဗဟုသုတ ရှာမှီးလိုစိတ်စသည့် ပညာရေးကို လေးစားမြတ်နိုးသော စိတ်ဓာတ်ကောင်းများတိုးပွားဖြစ်ထွန်းလာစေရအောင် စည်းရုံးစေ့ဆော်ပေးကြရန်လည်း တစ်ဆက်တည်း မှာကြားလိုကြောင်း။

### တိုက်တွန်းပြောကြား

မိမိတို့၏ တပည့်ကျောင်းသူကျောင်းသားလူငယ်များ၏ ဘဝရှေ့ရေး၊ မျှော်မှန်းချက်များ၊ လိုလားချက်များ၊ တန်ဖိုးထားမှုများ၊ အလားအလာကောင်းများကိုသိရှိအောင် ဆန်းစစ်လေ့လာပြီး နိုင်ငံတော်၏ လိုအပ်ချက်များနှင့် ပေါင်းစည်းမိစေရအောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းအားဖြင့် နိုင်ငံ့အကျိုးပြု အဖိုးတန်လူငယ်များ ဖြစ်လာစေရမည် ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနား အပြီးတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူ အခြေခံပညာဆရာဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

### တက်ရောက်

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ အခြေခံပညာကျောင်းများမှ ဆရာဆရာမ စုစုပေါင်း ၁၀၁၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်သည်။

**(သတင်းစဉ်)**



ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၆)မှ သင်တန်းသားသင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဂုဏ်ပြုဆောင်းပါး

# ခေတ်မီနည်းပညာများ သုံးစွဲနိုင်ရေး မသန်စွမ်းသူများကို အခွင့်အလမ်းပေး

ကမ္ဘာပေါ်တွင် အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်ရသူ သန်းပေါင်းများစွာရှိသည်။ **"အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားများဆိုင်ရာ အခက်အခဲပြဿနာ ဖြေရှင်းရာ၌လည်းကောင်း၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားလိုက်နာရေးအား ဖွံ့ဖြိုးတိုးတက်စေရာတွင်လည်းကောင်း အတူတကွ တွဲဖက်လုပ်ကိုင်ကြရန်"**ဟူသောအချက်သည် ကုလသမဂ္ဂ၏ အဓိက ဦးတည်ချက်(၄)ရပ်တွင် တစ်ရပ်အဖြစ်ပါဝင်သည်။ သို့ဖြစ်ရာ မသန်စွမ်းသူတို့၏အရေးကို အလေးထားဆောင်ရွက်နိုင်ရန် ရည်သန်၍ ၁၉၇၆ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့က ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက "၁၉၈၁ခုနှစ်ကို နိုင်ငံတကာ မသန်စွမ်းသူများနှစ်"ဟု ကြေညာခဲ့သည်။

၁၉၉၂ခု အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကျင်းပသော (၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် (၄၇/၃)ဖြင့် နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့"အဖြစ် သတ်မှတ်ပေးသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် နှစ်စဉ်ဦးတည်ချက်များ ချမှတ်ပေးလေ့ရှိသည်။ ၂၀၀၆ခုနှစ်အတွက် ချမှတ်ပေးသော ဦးတည်ချက်မှာ e-Accessibilityဖြစ်သည်။ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရေးကော်မတီက ဆီလျော်အောင် မြန်မာမှုပြုသော ဆောင်ပုဒ်မှာ**"ခေတ်မီနည်းပညာများသုံးစွဲနိုင်ရေး မသန်စွမ်းသူများကို အခွင့်အလမ်းပေး"** ဟူ၍ ဖြစ်ပေသည်။

ယနေ့ခေတ်သည် Information and Communication Technologyခေါ် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာနည်းပညာများတိုးတက်ထွန်းကားနေသောခေတ်ဖြစ်သကဲ့သို့ ကမ္ဘာနှင့်အဝန်း"Knowledgebased society"ပညာအခြေပြု လူ့အဖွဲ့အစည်းကို ထူထောင်နေသောကာလလည်းဖြစ်သည်။ဤကဲ့သို့သော ICT ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများကို မသန်စွမ်းသူများအနေဖြင့်လည်း ရရှိခံစားပိုင်ခွင့်ရှိပေရာ ၂၀၀၀ပြည့်နှစ်ထောင်စုနှစ်သစ် နိုင်ငံခေါင်းဆောင်များ၏ ညီလာခံကြီး(New Millinium Summit)တွင်**"သတင်းနှင့်ဆက်သွယ်ရေး နည်းပညာအသစ်များ၏ အကျိုးရလဒ်များသည် အားလုံးအတွက် မဖြစ်မနေ ရရှိခံစားစေရမည်"** ဟု ကတိပြုခဲ့ကြ၏။

"IT **ဆောင်ရွက်ချက်များသည် အားလုံးအတွက်" "Making Information Technology for All"** ဖြစ်သည်။ ယင်းကတိပြုချက်၊ အဆိုပြုချက်အားလုံးတွင် မသန်စွမ်းသူများလည်း အကျုံးဝင် ခံစားခွင့်ရှိသည်ဟု ကျွန်ုပ်တို့ အလေးအနက် ရှုမြင်မိသည်" ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ၂၀၀၀ပြည့်နှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ သဝဏ်လွှာတွင် ဖော်ညွှန်းခဲ့သည်။

ယနေ့ကမ္ဘာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(ICT)၊ အသိဉာဏ်ပညာ(Knowledge)နှင့် နည်းပညာ(Technology) ကို အထိရောက်ဆုံး အသုံးပြုနိုင်မည့်နိုင်ငံသာလျှင် အနာဂတ်ကို ပိုင်ဆိုင်တော့မည်ဟု ဆိုကြသည်။ သို့ဖြစ်ရာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ကြိုးပမ်းနေကြသော မြန်မာနိုင်ငံ၌ တိုင်းရင်းသားပြည်သူများ အချင်းချင်း ဆက်သွယ်ဆက်ဆံမှု တိုးတက်ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတကာ ဆက်သွယ်ရေးစနစ်ကွန်ရက်တွင် လိုက်လျောညီထွေချိတ်ဆက်ထားနိုင်ပြီဖြစ်သည်။ ဆယ်လူလာ တယ်လီဖုန်းစနစ်၊ CDMA တယ်လီဖုန်းစနစ်၊ GSMတယ်လီဖုန်းစနစ်တို့ကိုလည်း ထူထောင်ခဲ့၏။ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် Data Communication, E-mail, internet, intranetတို့ကိုလည်း ဖော်ဆောင်ပေးထား၏။ မိုက္ကရိုဝေ့ဗ်စခန်း ၁၅၅ခု၊ ဂြိုဟ်တုဆက်သွယ်ရေးစခန်း၁၅ခုတို့က မြန်မာ့ဆက်သွယ်ရေးကဏ္ဍကို တစ်ခေတ်ဆန်းစေခဲ့ပြီ ဖြစ်သည်။

ပညာရေးနယ်ပယ်တွင် သင်ကြားမှု၊ သင်ယူမှု အရည်အသွေးမြင့်မားစေရန် Multimedia စာသင်ခန်းများ ဖွဲ့စည်းထားပြီးဖြစ်သည်။ အခြေခံပညာကျောင်းပေါင်း ၁၆၇၁ကျောင်း၊ Electronic Data Broadcasting System စနစ်ဖြင့် ထုတ်လွှင့်ပေးနေသည့် အခြေခံပညာဘာသာရပ်သင်ကြားမှုများကို အနယ်နယ်အရပ်ရပ်က လက်ခံသင်ယူနိုင်သော e-Learning Centreပေါင်း ၇၃၄ခုအထိ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်သည်။ အခြေခံပညာအထက်တန်းကျောင်း အချို့အပါအဝင် တက္ကသိုလ် ကောလိပ်များတွင် e-Education centre များ၊ e-Information Resource Centreများ ထူထောင်နိုင်မှုကြောင့် တက္ကသိုလ်အချင်းချင်း ကွန်ရက်စနစ်(Network) ချိတ်ဆက်ထားခြင်းဖြင့် ICTနည်းပညာကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်မှာ ဝမ်းမြောက်ကြည်နူးဖွယ်ဖြစ်ပါသည်။

**ကြည့်တွန်း(လူမှုဝန်ထမ်း)**

နိုင်ငံတော်အစိုးရသည် မသန်စွမ်းသူများကို အပြစ်ပယ်ခံဘဝ မရောက်ရှိစေရေး၊ စိတ်ဓာတ်ရေးရာ မြင့်မားတက်ကြွရေး၊ လူ့ဘောင်အဖွဲ့အစည်းတွင် လူ့ဂုဏ်သိက္ခာပြည့်ပြည့်ဝဝဖြင့် တန်းတူရည်တူ ရပ်တည်နိုင်စေရေးတို့အတွက် မသန်စွမ်းသူတို့ဘဝ ထူထောင်ရေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက ဖွင့်လှစ်ထားသော **မျက်မမြင်ကျောင်းများ၊ နားမကြားသော ကလေးများကျောင်း၊ မသန်စွမ်း သက်ကြီးသင်တန်းကျောင်း၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်းတို့သည် မသန်စွမ်းသူများ၏ ဘဝကို စိုပြည်လှပစေသော ဘူမိနက်သန် နေရာမှန်များဖြစ်**သည်။ အဆိုပါ ကျောင်းများတွင် ကျောင်းပညာရေးသာမက အသက်မွေးမှုတစ်ခုပညာကိုယ်စီပါအောင် လေ့ကျင့်သင်ကြားပေးလျက် ရှိသည်။ ထို့မျှမက မသန်စွမ်းမှု အမျိုးအစားအလိုက် ဆီလျော်ကိုက်ညီမှုရှိသော ခေတ်မီနည်းစနစ်များ၊ ခေတ်မီနည်းပညာများ၊ ခေတ်မီအထောက်အကူပြု ကိရိယာများဖြင့် လေ့ကျင့်ပျိုးထောင်မှု ပြုလျက်ရှိသည်။ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

"လူတိုင်းအတွက် ပညာရေး" (Education for All Project)ကို အကောင်အထည်ဖော်လျက်ရှိသည့် ယနေ့ကာလတွင် "လူတိုင်းအကျုံးဝင် ပညာရေး" (Inclusive Education)အရ ကိုယ်အင်္ဂါမသန်စွမ်းသော ကလေးများ၊ မျက်စိမမြင်သောကလေးများ၊ နားမကြားသောကလေးများသည် သန်စွမ်းသောကလေးများနည်းတူ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိကြသည်။ ခေတ်မီသင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများဖြင့် သင်ယူခွင့် ရရှိသည်နှင့်အမျှ ပညာရည်မြင့်မားသူများ ဖြစ်လာကြမည်ဖြစ်သည်။ လူတိုင်းအကျုံးဝင်ပညာရေး၏ အကျိုးရလဒ်ကြောင့် ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မသန်စွမ်းသင်တန်းကျောင်းများမှ ကျောင်းသား၊ကျောင်းသူ စုစုပေါင်း ၁၃ဦး၊ ၂၀၀၆ခုနှစ်တွင် ခုနစ်ဦး အောင်မြင်ခဲ့သည်။

ယင်းတို့အနက် မွေးကတည်းက ကိုယ်အင်္ဂါချို့တဲ့မှုကြောင့် ဘယ်ခြေတစ်ဖက်တည်းကိုသာ အားကိုးအသုံးပြုခဲ့ရသည့် မစုပုံချစ်သည် သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ ဂုဏ်ထူးလေးဘာသာဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည်။ ပြည်သူ့အကျိုးပြုအင်ဂျင်နီယာတစ်ဦးဖြစ်ရန် ရည်မှန်းထားသော သူမသည် ယခုအခါ နည်းပညာတက္ကသိုလ်တွင် တက်ရောက်၍ ပညာဆည်းပူးလျက်ရှိသည်။ သူမကဲ့သို့ **ဘဝကိုအနိုင်မခံ၊ အရှုံးမပေးသော ကြိုးစားနိုးကြားတက်ကြွသော မသန်စွမ်းသူတို့အဖို့ တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက် မြင့်သော ICTနည်းပညာများကို ပြည့်ပြည့်ဝဝ အသုံးချနိုင်မည်မှာ မလွဲကေန်ဖြစ်**သည်။

တစ်ချိန်က ကက်ဆက်၊ တီဗွီ၊ ဗီဒီယို၊ စီဒီ၊ ဗွီစီဒီ၊ ဒီဗွီဒီ၊ မျက်မမြင်သုံးကွန်ပျူတာ၊ ပရင်တာတို့ဖြင့်သာ အသုံးပြုသင်ကြားခဲ့ရသော လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းတွင် ၂၀၀၆ ခုနှစ် ဧပြီလ၁၄ရက်နေ့မှစ၍ e-mail, Internet ကို စတင်သုံးနိုင်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ ဤနေ့ကို မြန်မာနိုင်ငံရှိ မျက်မမြင်များ e-mail, Internet စတင်အသုံးပြုသော နေ့အဖြစ် လည်းကောင်း၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းကို မြန်မာနိုင်ငံရှိ မသန်စွမ်းကျောင်းများ၏ သမိုင်းတွင် ပထမဦးဆုံး စတင်အသုံးပြုနိုင်သော ကျောင်းအဖြစ်လည်းကောင်း ကမ္ပည်းတင်ရမည်ဖြစ်သည်။

စင်စစ် မျက်စိမမြင်သူတစ်ဦးအဖို့ သာမန်လူတို့ အသုံးပြုသော အင်တာနက်ကို အသုံးပြုရန်မလွယ်ကူပေ။ ယခုတပ်ဆင်အသုံးပြုသော ပစ္စည်းတွင် မျက်မမြင်များအတွက် အထူးပြုဖန်တီးထားသည့် Software များကို အသုံးပြုခြင်းဖြင့် Computer Screen တွင် ပေါ်သော စာများကို Jaws Softwareမှ အသံထွက်၍ ဖတ်ပေးသည်ကို နားထောင်နိုင်ခြင်း၊ အသံထွက် အဓိပ္ပာယ် ရှင်းလင်းမှုမရှိပါက Duxbury Softwareကို အသုံးပြုခြင်းဖြင့် အမြင်စာမှ မျက်မမြင်စာကို ပြောင်း၍ Print out ထုတ်ယူဖတ်ရှုနိုင်ခြင်းစသော စွမ်းရည်များ ပြည့်လျှမ်းလျက်ရှိရာ မျက်မမြင်များအဖို့ အကျိုးများလှပေသည်။

ယခုကဲ့သို့ မျက်မမြင်သုံး e-mail, Internetကို တပ်ဆင်အသုံးပြုနိုင်မှုကြောင့် ယနေ့ကမ္ဘာတွင် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်ပြောင်းလဲနေသော သတင်းအချက်အလက်နှင့် နည်းပညာများကို အချိန်တိုအတွင်း သိရှိနိုင်ခြင်း၊ ကမ္ဘာအရပ်ရပ်ရှိ မသန်စွမ်းသူများ၊ မသန်စွမ်းသူများဆိုင်ရာအဖွဲ့အစည်းများနှင့် ရင်းနှီးမှုရယူကာ အတွေ့အကြုံဖလှယ်နိုင်ခြင်း ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ကမ္ဘာ့နိုင်ငံများ၏ Teaching Method and Teaching Aid များ ထုတ်နုတ်အသုံးပြုပုံများကို သိရှိလေ့လာနိုင်ခြင်း၊ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိနှင့် အခြားအတုယူဖွယ် အကြောင်းချင်းရာများကို တစ်ထိုင်တည်းတွင် ကြားသိဖတ်ရှုလေ့လာနိုင်ခြင်း စသော အခွင့်အလမ်းများကို ရရှိခံစားနေကြရပြီဖြစ်သည်။

နားမကြားသူတို့အတွက် အဓိကကျော်လွှားရသော အခက်အခဲမှာ ဘာသာစကားကွဲပြားမှု အခက်အခဲပင်ဖြစ်သည်။ မန္တလေး နားမကြားသော ကလေးများကျောင်းနှင့် ရန်ကုန် မေရီချက်(ပ်)မင်း နားမကြားသောကလေးများ ကျောင်းတို့တွင် ခေတ်မီနားကြား စမ်းသပ်ကိရိယာများ တပ်ဆင်၍ အသံများ ခွဲခြားစကားပြောဆိုမှုကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ များမကြာမီတွင် အလှူရှင်များ၏ပံ့ပိုးကူညီမှုဖြင့် Hearing Aid Analyzer and Audiometer များကို တပ်ဆင်အသုံးပြု သင်ကြားပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ ဤသို့ မသန်စွမ်းသူများ ခေတ်မီကိရိယာများနှင့် ခေတ်မီနည်းပညာများကိုအသုံးပြု၍ သင်ကြားမှု၊သင်ယူမှုပြုလုပ်နိုင်ရန် ဝမ်းမြောက်လိုလားသောမုဒိတာဖြင့် ဝိုင်းဝန်းကြိုးပမ်း ဖြည့်ဆည်းလှူဒါန်းပေးလျက်ရှိကြသော စေတနာရှင်ပုဂ္ဂိုလ်များ၊ ပြည်တွင်း၊ ပြည်ပမှ လူမှုရေးအဖွဲ့အစည်းများ၏ ကျေးဇူးကား ကြီးမားလှပေသည်။

အာရှနှင့်ပစိဖိတ်ဒေသ မသန်စွမ်းသူများ ဆယ်စုနှစ်(၂၀၀၃-၂၀၁၂)၏ ရည်မှန်းချက် ခုနစ်ရပ်တွင် တစ်ရပ်အပါအဝင်ဖြစ်သော "သတင်းဆက်သွယ်ရေးနှင့် အထောက်အကူပြုနည်းပညာများ အပါအဝင် သတင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ အလွယ်တကူရရှိ အသုံးပြုနိုင်ရေး"ဟူသော ကဏ္ဍကိုဖော်ဆောင်ပေးရန် အားလုံးတွင်တာဝန်ရှိပါသည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရ၏ ဦးဆောင်အားပေးချီးမြှောက်မှု၊ မသန်စွမ်းသူတို့ဘဝကို စာနာဆပွား အလေးထားကြသည့် စေတနာရှင်ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် မသန်စွမ်းသူများ ခေတ်မီနည်းပညာများ တွင်ကျယ်စွာသုံးစွဲနိုင်ရန် ဘက်ပေါင်းစုံမှ အခွင့်အလမ်းများပေးကြပါစို့ဟု နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

**မျက်မမြင်ကျောင်းများ၊ နားမကြားသော ကလေးများကျောင်း၊ မသန်စွမ်း သက်ကြီးသင်တန်းကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းတို့သည် မသန်စွမ်းသူများ၏ ဘဝကို စိုပြည်လှပစေသော ဘူမိနက်သန် နေရာမှန်များဖြစ်။**

**ဘဝကိုအနိုင်မခံ၊ အရှုံးမပေးသော ကြိုးစားနိုးကြား တက်ကြွသော မသန်စွမ်းသူတို့အဖို့ တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက် မြင့်သော ICTနည်းပညာများကို ပြည့်ပြည့်ဝဝ အသုံးချနိုင်မည်မှာ မလွဲကေန်ဖြစ်။**

## MRTV-4
## ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၁-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | အထူးအမှန်ကောင်းမည့် ရေလှောင်တမံ"ဖြူးချောင်း" |
| ၇း၂၅ | တေးဂီတအစီအစဉ် |
| ၇း၃၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၇း၅၀ | တေးဂီတအစီအစဉ် |
| ၇း၅၅ | နည်းပညာစွမ်းဖြင့် နိုင်ငံ့ဂုဏ်မြှင့်မည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(အပိုင်း-၁) |
| ၈း၂၀ | တေးဂီတအစီအစဉ် |
| ၈း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၄၀ | MRTV-4စာအုပ်စင်ကဏ္ဍ (မင်းခိုက်စိုးစန်နှင့် တွေ့ဆုံခြင်း) |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | စားလို့ကောင်းမည့် ကောက်ရိုးမှိုခြောက် |
| ၉း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၃၅ | Midweek Sports News |
| ၉း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ | ခိုင်ခံ့ပေါ့ပါး ကြွေရည်သုတ်သံသပိတ်များ |
| ၁၀း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၂၀ | Myanmar Video Rhythm |
| ၁၁း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု |
| ၁၁း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ | **"မနိုင်သောအရှုံး"** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**မန္တလေး ဗုဒ္ဓဂယာမြေ မြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ် ကျောင်းဆောင် ကြီး ဆောက်လုပ် ရန် အတွက် အမှတ် (၁၂၁/ခ) မြေညီ ထပ် (၄၂)လမ်း ဗိုလ် တ ထောင်**



**မြို့နယ် ရန်ကုန်မြို့နေ ဒေါ်တင်ကွေ့နှင့် မိသားစု၏ လှူဒါန်းငွေကျပ်တစ်သိန်းကို ကျောင်းအမှုဆောင်ဒေါ်ကေသက်မော်က အလှူငွေလက်ခံပြီး ကျောင်းအကျိုးတော်ဆောင် ဆရာတော်အရှင်ဂန္ထသာရ(စာချ-နာယက) မဟာသိမ်တော်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။** (က-ပ)

# အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ
# ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား၊ ဆုများပေးအပ် အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်လျက်ရှိသည့် လုပ်ငန်းစဉ်များ ရှင်းလင်း

ရန်ကုန် နိုဝင်ဘာ ၂၈

**ဇူလိုင် ၂၂ရက်မှ ၂၆ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ၊ နိုဝင်ဘာ ၁ရက်မှ ၇ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် တတိယအကြိမ်မြောက် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိခဲ့သော အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ၂၆ရက် ည၇နာရီက ကျိုက္ကဆံကွင်းရှိ မြားပစ်အားကစားပြိုင်ကွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။**

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ယင်းနောက် အာရှမြားပစ်အဖွဲ့ချုပ် ကောင်စီဝင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မြန်မာမြားပစ်အဖွဲ့ အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။ ၎င်းနောက် အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က မြန်မာနိုင်ငံ အားကစားနှင့်ကာယပညာကော်မတီမှ ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။



### ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်ဒေါ်မြင့်မြင့်စုက အရှေ့တောင်အာရှတံခွန်စိုက်ပြိုင်ပွဲ ငွေတံဆိပ်ဆုရ ယုနန္ဒာထိုက်အား ဂုဏ်ပြုဆုငွေကျပ် သုံးသောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အရှေ့တောင်အာရှ တံခွန်စိုက်ပြိုင်ပွဲ၌ ငွေတံဆိပ်နှစ်ခုရ အမျိုးသမီး Recurve အသင်းအား ငွေကျပ်ခြောက်သောင်းနှင့် အရှေ့တောင် အာရှတံခွန်စိုက်ပြိုင်ပွဲ၌ ငွေတံဆိပ်၊ တတိယအကြိမ် အာရှပတ်လည်ပြိုင်ပွဲ၌ ကြေးတံဆိပ်ရ အမျိုးသမီး Compound အသင်းအား ငွေကျပ်ငါးသောင်းကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အရှေ့တောင်အာရှတံခွန်စိုက်ပြိုင်ပွဲ၌ ငွေတံဆိပ်၊ တတိယအကြိမ် အာရှပတ်လည်ပြိုင်ပွဲ၌ ကြေးတံဆိပ်ရ အမျိုးသမီး Compoundအသင်းအား ငွေကျပ်ငါးသောင်း၊ ဒုတိယအကြိမ် အာရှပတ်လည် ပြိုင်ပွဲ၌ ရွှေတစ်ခုနှင့် ငွေတစ်ခုရ တင်ဇင်အိအား ငွေကျပ်ရှစ်သောင်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အာရှမြားပစ်အဖွဲ့ချုပ် ကောင်စီဝင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဒုတိယအကြိမ်အာရှပတ်လည်ပြိုင်ပွဲ၌ ကြေးတံဆိပ်တစ်ခုစီရရှိခဲ့သည့် လင်းနိုင်နှင့် ရဲမင်းဆွေတို့အား ငွေကျပ်နှစ်သောင်းစီကို လည်းကောင်း၊ အရှေ့တောင်အာရှတံခွန်စိုက်ပြိုင်ပွဲ၌ ငွေတစ်ခု၊ ကြေးတစ်ခု၊ တတိယအကြိမ် အာရှပတ်လည်ပြိုင်ပွဲ၌ ကြေးတစ်ခုရ ဇော်ဝင်းထိုက်အား ငွေကျပ်ခုနစ်သောင်းကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အရှေ့တောင်အာရှ တံခွန်စိုက်ပြိုင်ပွဲ၌ ငွေတစ်ခု၊ ကြေးတစ်ခုရ အမျိုးသား Recurve အသင်းအား ငွေကျပ်ငါးသောင်းနှင့် တတိယအကြိမ် အာရှပတ်လည်ပြိုင်ပွဲ၌ ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု၊ အရှေ့တောင်အာရှတံခွန် စိုက်ပြိုင်ပွဲ၌ ငွေတစ်ခုရ ရဲမင်းဆွေအား ငွေကျပ် တစ်သိန်းရှစ်သောင်းကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က တတိယအကြိမ် အာရှပတ်လည် ပြိုင်ပွဲ၌ ရွှေတစ်ခု၊ ငွေတစ်ခု၊ အရှေ့တောင် အာရှတံခွန်စိုက်ပြိုင်ပွဲ ရွှေတစ်ခုရ အမျိုးသား Compound အသင်းအား ငွေကျပ်တစ်သိန်းသုံးသောင်းကို လည်းကောင်း **(ဓါတ်ပုံ)**၊ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အောင်ပွဲရ မြားပစ်အဖွဲ့မှ အုပ်ချုပ်သူ နည်းပြခုနစ်ဦးအား ငွေကျပ် သုံးသိန်း ချီးမြှင့်ရာ အဖွဲ့ခေါင်းဆောင် ဦးကျော် ဆန်း(ဒုတိယညွှန်ကြားရေးမှူး အား/ကာ) က လက်ခံရယူသည်။ ၎င်းနောက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အမှုဆောင် ဦးဖြိုးကိုကိုတင့်ဆန်းက မြားပစ်အဖွဲ့ချုပ်သို့ အလှူငွေကျပ် ၁၀ သိန်းလေးသောင်းကို ပေးအပ်လှူဒါန်းရာ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဒေါက်တာ ခင်ရွှေက လက်ခံရယူသည်။

### ချီးမြှင့်

အောင်ပွဲရ မြန်မာ့မြားပစ်အဖွဲ့အား ဂုဏ်ပြုဆုငွေများအဖြစ် မြန်မာနိုင်ငံ အားကစားနှင့်ကာယပညာကော်မတီမှ ငွေကျပ်၁၀သိန်းလေးသောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ ငွေကျပ်နှစ်သိန်းနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ငွေကျပ်၁၀သိန်းလေးသောင်း ချီးမြှင့်သည်။

### ဆွတ်ခူးရရှိခဲ့

မြန်မာမြားပစ်အဖွဲ့သည် ဒုတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည်ပြိုင်ပွဲ၌ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု၊ တတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည်ပြိုင်ပွဲ၌ ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးငါးခု၊ ဒုတိယအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်ပြိုင်ပွဲ၌ ရွှေတစ်ခု၊ ငွေရှစ်ခု၊ ကြေးနှစ်ခုတို့ အသီးသီး ဆွတ်ခူးရရှိခဲ့သည်။ **(မြန်မာ့အလင်း)**



# ဗုဒ္ဓပူဇနီယနှင့် ဝိဇာတမင်္ဂလာကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၁၉ အင်းဝလမ်းအနောက်ထိပ် မြို့ပြင်ကြီးကျောင်းတိုက် ပန်းကမ္ဘာဂန္ဓကုဋိတိုက်ကျောင်းတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဘုဏ်တော်အမြင့်ကိုးပေရှိ လိုတိုင်းရ တတိုင်းပြည့် ဇေယျသိဒ္ဓိ ရှေးဟောင်းရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓပူဇနီယမင်္ဂလာနှင့် မြို့ပြင်ကြီးတိုက် ဆရာတော် ဦးခေမိန္ဒ၏ (၆၉)နှစ်ပြည့် ဝိဇာတမင်္ဂလာကို နတ်တော်လဆန်း၁၁ရက် နံနက်၅နာရီတွင် အနေကဇာတင်ခြင်း၊ သံဃာတော်တို့အား ဆွမ်းများဆက်ကပ်ခြင်း၊ ဘုရားအမှူးရှိသော သံဃာတော် ၁၀၁ပါးတို့အား စာရေးတံမဲနှင့်အတူ ဆွမ်းလောင်းပူဇော်မည် ဖြစ်သည်။

### အကြိုတရားပွဲ

အကြိုတရားပွဲအဖြစ် နတ်တော်လဆန်း၇ရက်ညတွင် ပုဂံတပ်အောင်နန်းဗိမာန်ကျောင်းဆရာတော် ဦးဣန္ဒောဘာသ၊ ၈ရက်ညတွင် ဆရာတော် ဦးကောဝိဒ(မိုးကုတ်)၊ ၉ရက် ညတွင် စိန်ပန်းမဟာစည် ဆရာတော် ဦးဝိစိတ္တတို့က နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားပြီး နတ်တော်လဆန်း၁၀ရက်၊ ၁၁ရက်ညများတွင် လှိုင်ဘွားအောင် မန္တလေးဇာတ်ပွဲဖြင့် ဧည့်ခံဖျော်ဖြေမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## ဂုဏ်ပြု မှတ်တမ်းလွှာ

**နိုဝင်ဘာ ၂၇ ရက်က ရန်ကုန် ကလေးဆေးရုံကြီးအတွက် အလှူရှင် ဦးရဲအောင်-ဒေါ်လှဲလှဲဝင်း(သီရိကုဋေ ကြွယ်ကုမ္ပဏီလီမိတက်)မိသားစုက ငွေပဒေသာပင်ကျပ်၂၀၆၀၀၀ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)



# သဃ်န်းကျွန်းမြို့နယ်၌ မီးဘေးကာကွယ်ရေးဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၈**

သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး အဖွဲ့သည် မြို့နယ်အတွင်း လူနေအိမ်များ၊ စက်ရုံ အလုပ်ရုံများအား မီးဘေးအန္တရာယ်ကင်းဝေးရေးဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၇ရက် မွန်းတည့် ၁၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် တာဝန် ရှိသူများသည် (ဃ)ရပ်ကွက်ဥက္ကဋ္ဌဦးထွန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဦးဟန်စိန်၊ အရန်မီးသတ်တပ်ဖွဲ့ တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်း လမ်းအလိုက် မီးဘေးအန္တရာယ် ပညာပေး နှိုးဆော်ခြင်း၊ စစ်ဆေးခြင်းများနှင့် သံသုမာ(၂)လမ်း၌ အပေါ့စားမီးသတ်စက်တို့ဖြင့် အရေးပေါ်မီးငြိမ်းနည်း စွမ်းရည်သရုပ်ပြမှု**(အပေါ်ပုံ)**တို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(၀၅၂)**



မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ အင်းဘတ်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# မြိုင်မြို့နယ် တွင်းမတာမံနှင့် ပခုက္ကူမြို့နယ် အင်းဘတ်တာမံများဖွင့် သားစဉ်မြေးဆက်တန်ဖိုးမဖြတ်နိုင်သည့် အထောက်အကူပြု အမွေအနှစ်များဖြစ် ရေလှောင်တမံများ ရေရှည်တည်တံ့အောင် ပိုင်းဝန်း ထိန်းသိမ်း

နေပြည်တော် နိုဝင်ဘာ ၂၈

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်း ဆည်မြောင်းဦးစီးဌာနက ပခုက္ကူခရိုင် မြိုင်မြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော တွင်းမရေလှောင်တမံနှင့် ပခုက္ကူမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော အင်းဘတ်ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားများကို နိုဝင်ဘာ ၂၆ရက် နံနက်ပိုင်းက တွင်းမရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ စတင်ကျင်းပသည်။**

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီး ဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင်အတွင်း ရေလှောင်တမံ အသစ်နှစ်ခုတိုးချဲ့ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်အစိုးရ၏ ပြည်သူများအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသည့် မွန်မြတ်သော ရလဒ်ကောင်းတစ်ခု ဖြစ်ကြောင်း၊ မကွေးတိုင်းအတွင်း၌ ဆည်မြောင်းဦးစီးဌာန၏ ထိန်းသိမ်းရေးဆည် ၃၂ခု၏ အကျိုးပြုဧကပေါင်း ၂၅၉၀၆၅ ဧကကျော် စိုက်ပျိုးရေပေးဝေလျက်ရှိရာမှ ဖွင့်လှစ်လိုက်သည့် ဆည်နှစ်ခု၏ အကျိုးပြုဧက ၄၇၀ထပ်မံ ပေါင်းစပ်လိုက်ပါက ထိန်းသိမ်းရေးဆည်၃၄ခု၏ အကျိုးပြုဧက ၂၅၉၅၃၅ ဧကထိ စိုက်ပျိုးရေပေးဝေနိုင်တော့မှာ ဖြစ်ကြောင်း၊ ပခုက္ကူဒေသ စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းပေါင်း ၇၁ ခုတွင် ပါဝင်သောကြောင့် ဒေသစိမ်းလန်းစိုပြည်ရေးကိုလည်း အထောက် အကူပြုနေပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ နွေစပါးကိုလည်း အောင်ရေ သေချာစွာ ပေးနိုင်မည့်တမံများမှ စိုက်ပျိုးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ရေလှောင်တမံ နှစ်ခုသည် တွင်းမနှင့် အင်းဘတ်ဒေသမှ ပြည်သူများအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် အရင်းအမြစ်ကြီးဖြစ်သည့် အပြင် ဒေသခံတောင်သူများအတွက် သားစဉ်မြေးဆက် တန်ဖိုးမဖြတ်နိုင်သည့် စီးပွားရေး အထောက်အကူပြု အမွေအနှစ်များဖြစ်၍ ရေလှောင် တမံများ ရေရှည် တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ပြောကြားသည်။

### အမှာစကားပြောကြား

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင်အတွင်း အသေးစား ရေလှောင်တမံစီမံကိန်းအဖြစ် တွင်းမနှင့် အင်းဘတ် ရေလှောင်တမံများကို ဒေသရေမြေသဘာဝ စိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးတို့အတွက် အကောင်အထည်ဖော်ပေးလိုက်နိုင်ပြီ ဖြစ်ကြောင်း၊ နယ်မြေဒေသ၏ ရရှိသည့် ရေအရင်းအမြစ်ပေါ်မူတည်၍ ကြီးမားသည့်ရေလှောင်တမံကြီးများ၊ အလတ်စား ရေလှောင်တမံများ တည်ဆောက်ပေးခဲ့ကြောင်း၊ ရေနှင့်မြေ အခြေအနေမပေးသည့်အတွက် အကြီးစား ရေလှောင်တမံများ တည်ဆောက်ပေးနိုင်ခြင်း မရှိသည့်ဒေသများတွင် ကွက်လပ်အဖြစ် ကျန်ရှိမနေရအောင် အလတ်စား၊ အငယ်စား ရေလှောင် တမံများနှင့် စီမံဆောင်ရွက်ပေးလျက် ရှိသဖြင့် ယခုကဲ့သို့ အသေးစား ရေလှောင်တမံငယ်များ အစုအဖွဲ့အလိုက် ပေါ်ထွက်လာပြီဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ဒေသရေမြေရာသီဥတု ကောင်းမွန်လာမှု၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့် စိုက်ပျိုးရေရရှိမှု အခြေခံကောင်းများအား အပြည့်အဝအသုံးချပြီး မိမိတို့ဒေသဖွံ့ဖြိုးမှု၊ လူမှုစီးပွားရေး တိုးတက်မှုများရရှိအောင် သီးနှံများအထွက်တိုးတက်ရေး ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်သွားကြရန် တိုက်တွန်းမှာကြား လိုကြောင်း ပြောကြားသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက တွင်းမရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် တွင်းမရေလှောင်တမံမုခ်ဦးကိုဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တွင်းမရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တွင်းမ ရေလှောင်တမံသည် မြိုင်မြို့နယ်ရှိ တွင်းမရွာအနီး တွင်းမချောင်းပေါ်တွင် တည်ဆောက်ထားကာ တမံအမြင့် ၃၅ ပေ၊ တမံအလျား ပေ ၄၃၀၀ ရှိပြီး ရေပိုလွှဲမှာ အကျယ်ပေ ၅၀၊ အရှည်ပေ ၂၀၀ ရှိ၍ အကျိုးပြု ဧကမှာ ၃၂၀ ဖြစ်သည်။

ဆက်လက်၍မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီးတို့သည် ဆက်လက် ဖွင့်လှစ်မည့် အင်းဘတ်ရေလှောင်တမံသို့ ရောက်ရှိကြပြီး အင်းဘတ် ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကိုမကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့်ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့သည် အင်းဘတ်ရေလှောင်တမံမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

### အကျိုးပြုမည်

အင်းဘတ် ရေလှောင်တမံသည် ပခုက္ကူမြို့နယ် အင်းဘတ်ရွာအနီး၌ရှိသည့် ရေလာချောင်းပေါ်တွင် တည်ဆောက်ထားသည့် တမံအမြင့်၄၃ပေ၊ တမံအလျားပေ၃၆၅၀ရှိပြီး အကျယ်ပေ၅၀၊ အရှည်ပေ၂၀၀ရှိသည့် ရေပိုလွှဲပါရှိကာ စိုက်ပျိုးမြေဧက ၁၅၀ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသော တွင်းမရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)



## သာကေတစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၂၈

သာကေတစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ မျက်နှာစုံညီအစည်းအဝေးကို သာကေတစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

### ရှင်းလင်းတင်ပြ

အခမ်းအနားတွင် သဘာပတိ စက်မှုဇုန်ဥက္ကဋ္ဌဦးကျော်တင့်က သာကေတစက်မှုဇုန်စတင်ထူထောင်ခြင်းနှင့်စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ စက်မှုဇုန်ကော်မတီအတွင်းရေးမှူးက သာကေတစက်မှုဇုန်နှင့် စီမံခန့်ခွဲရေး ကော်မတီ၏ ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှင့် ရန်ပုံငွေအရအသုံး (နှစ်ချုပ်) စာရင်းရှင်းတမ်းနှင့် ပြင်ပစာရင်းစစ် အစီရင်ခံစာကို တင်ပြပြီး ဒုတိယဥက္ကဋ္ဌ(၁)ဦးတင်စိန်က စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

### အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။ **(က-ပ)**

# (၄၂)ကြိမ်မြောက် ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ ပဲခူး၊ပျဉ်းမနား၊ မိတ္ထီလာနှင့် မန္တလေးမြို့များ၌ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

(၄၂)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁ရက်မှ ၂၁ ရက်အထိ ပဲခူးမြို့၊ ပျဉ်းမနားမြို့၊ မိတ္ထီလာမြို့နှင့် မန္တလေးမြို့များ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့အသင်းများ၊ ရဲတပ်ရင်းအသင်းများ စုစုပေါင်း ၁၈သင်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

### ညှိနှိုင်းစည်းဝေး

(၄၂)ကြိမ်မြောက် ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်း အဝေးကို နိုဝင်ဘာ ၁၅ရက်က နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ညှိနှိုင်း အစည်းအဝေးသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့်၊ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ ပြိုင်ပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးခင်ထွန်းနှင့် ပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အသင်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် ပထမအဆင့် အုပ်စုပွဲစဉ် မဲနှိုက်ရေးဆွဲခြင်းကို ဆက်လက်ကျင်းပသည်။ အုပ်စုပွဲစဉ်များ ရေးဆွဲထားမှုအရ အုပ်စု(က)၌ ငါးသင်း၊အုပ်စု(ခ)၌ ငါးသင်း၊ အုပ်စု(ဂ) ၌ လေးသင်း၊ အုပ်စု(ဃ)၌ လေးသင်း ပါဝင်သည်။

### အုပ်စု(က)

အုပ်စု(က)တွင် ပဲခူးတိုင်း (အရှေ့) ရဲတပ်ဖွဲ့အသင်း၊ အမှတ် (၂) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းအသင်း၊ ကရင်ပြည်နယ် ရဲတပ်ဖွဲ့ အသင်း ၊ တနင်္သာရီ ရဲတပ်ဖွဲ့အသင်းနှင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့အသင်းတို့ ပါဝင်ကြသည်။ အုပ်စု(က)ပွဲစဉ်များကို ပဲခူးမြို့ ပြည်သူ့အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

### အုပ်စု(ခ)

အုပ်စု(ခ)တွင် မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရဲတပ်ဖွဲ့အသင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရဲတပ်ဖွဲ့အသင်း၊ မကွေးတိုင်းရဲတပ်ဖွဲ့အသင်းနှင့် ကချင်ပြည်နယ်ရဲတပ်ဖွဲ့အသင်းတို့ ပါဝင်ကြသည်။အုပ်စု(ခ)ပွဲစဉ်များကို မန္တလေးမြို့ မန်းတောင်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

### အုပ်စု(ဂ)

အုပ်စု(ဂ)တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်အသင်း၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) ရဲတပ်ဖွဲ့အသင်းနှင့်အမှတ်(၁)ရဲလေ့ကျင့်ရေးသင်တန်းကျောင်းအသင်းတို့ ပါဝင်ကြသည်။ အုပ်စု(ဂ)ပွဲစဉ်များကို ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

### အုပ်စု(ဃ)

အုပ်စု(ဃ)တွင် ဧရာဝတီတိုင်း ရဲတပ်ဖွဲ့အသင်း၊ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့အသင်း၊ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့အသင်းနှင့် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့အသင်းတို့ ပါဝင်ကြသည်။ အုပ်စု(ဃ) ပွဲစဉ်များကို မိတ္ထီလာမြို့ ပြည်သူ့အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

### ယှဉ်ပြိုင်ရမည်

ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဒီဇင်ဘာ ၁ရက်မှ ၁၀ရက်အထိ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဒုတိယအဆင့်ရှုံးထွက်(ကွာတားဖိုင်နယ်)ပွဲစဉ်များကို ဒီဇင်ဘာ ၁၃ရက်နှင့် ၁၄ရက်တွင် မန္တလေးမြို့ မန်းတောင်အားကစားကွင်းနှင့် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်များကို ဒီဇင်ဘာ၁၇ရက်နှင့်၁၈ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဒီဇင်ဘာ ၂၁ရက်တွင် လည်းကောင်း ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

### ချီးမြှင့်မည်

(၄၂)ကြိမ်မြောက် ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံး ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

အသန့် ရှင်းဆုံးအသင်းဆု၊ နေရာလိုက် အကောင်းဆုံးဆုနှင့် အကောင်းဆုံးဘောလုံးသမားဆုများလည်း ချီးမြှင့်မည်ဖြစ်သည်။

### ရည်ရွယ်ချက်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အဆင့်မြင့်တန်းနှင့် ပထမတန်းပြိုင်ပွဲများတွင် ပြည်ထဲရေးဘောလုံးအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းတို့ အဆင့်မြင့်မြင့်ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဘောလုံးအားကစားသမားမျိုးဆက်သစ်များပေါ် ထွက်လာရေးနှင့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲကို နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**သတင်းမှတ်စု - ကိုထွေး**

# ပြင်ဦးလွင်၌ ခြိမ့်ခြိမ့်သဲကျင်းပရန်စီစဉ်ထားသည့် အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်

ရေးသားတင်ပြသူ - မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

**ရန်ကုန် နိုဝင်ဘာ ၂၈**

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်ကြီးသည် သဘာဝပန်းပေါင်းစုံတို့ဖြင့် လှပဝေဆာနေသော ဥယျာဉ်ကြီးဖြစ်၍ မြန်မာနိုင်ငံ၏ ကျက်သရေဆောင် ဥယျာဉ်ကြီးဖြစ်သည်။

ယင်းသဘာဝ ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာသာယာလှပနေသော ရက္ခဗေဒဥယျာဉ်ကြီးကို ဖွင့်လှစ်ခဲ့သည်မှာ ယခုနှစ် ဒီဇင်ဘာလတွင် စိန်ရတုကာလသို့ တိုင်ခဲ့ပြီဖြစ်သည်။

**တည်ဆောက်ခဲ့**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဆိုပါ ဥယျာဉ်ကြီးနှင့် တစ်ဆက်တစ်စပ်တည်း အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ကြီးကိုလည်း တည်ဆောက်ခဲ့ရာ မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သည်။

ယင်းအမျိုးသား ကန်တော်ကြီးဥယျာဉ်၏ စိန်ရတုအထိမ်းအမှတ်ပွဲ၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ဖွင့်ပွဲတို့နှင့် တိုက်ဆိုင်လျက် ပထမအကြိမ် ပန်းပွဲတော်ကြီးကိုလည်း ၎င်းဥယျာဉ်ကြီး၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသတော့မည်ဖြစ်သည်။

အမျိုးသားကန်တော်ကြီး ဥယျာဉ် (ပြင်ဦးလွင်) စိန်ရတု အထိမ်းအမှတ်ပွဲတော်၊ အမျိုးသား အထိမ်းအမှတ် ဥယျာဉ်ဖွင့်ပွဲ၊ ပထမအကြိမ်ပန်းပွဲတော်တို့နှင့် စပ်လျဉ်း၍ သတင်းနှင့် စာနယ်ဇင်း၊ ပုဂ္ဂလိကဂျာနယ်များနှင့် တွေ့ဆုံပွဲတစ်ရပ်ကို နိုဝင်ဘာ ၂၈ရက်က Sakura Tower၌ ပြုလုပ်ရာ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်သတင်းရယူခဲ့သည်။

**ပဏာမရှင်းလင်း**

ယင်းဆွေးနွေးပွဲတွင် သစ်တောရေးရာ ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းပေါ်ဦးက ဦးစွာ ပဏာမ ရှင်းလင်းပြောကြားရာ "အမျိုးသားကန်တော်ကြီး ဥယျာဉ်မှာ ပြည်သူအများ အပန်းဖြေအနားယူနိုင်ရေးအတွက်စိန်ရတုအထိမ်းအမှတ်ပွဲတော်ကြီး ကျင်းပသွားရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ပါတယ်။ အဲဒီ လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ ဗဟိုကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းပြီးပွဲတော်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ ပါတယ်။ သစ်တောရေးရာဝန်ကြီး ဌာနအနေနဲ့ တစ်ဖက်က နိုင်ငံတော်ရဲ့ သစ်တောသယံဇာတထုတ်ကုန်များ ထုတ်လုပ်နေသလို တစ်ဖက်ကလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ မျှမျှတတဖြစ်အောင် ဆောင်ရွက်နေရပါတယ်။ သစ်တောထိန်းသိမ်းရေးလုပ်ငန်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာတဲ့ အမျိုးသား ကန်တော်ကြီးဥယျာဉ် တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ ယခုနှစ် ဒီဇင်ဘာလဆိုရင် စိန်ရတုကာလသို့ ရောက်ခဲ့ပါပြီ။ ပြည်တွင်းပြည်ပ ခရီးသွားပြည်သူများ အပန်းဖြေအနားယူနိုင်ရေး၊ ရှားပါးသစ်နှင့် ပန်းမျိုးစိတ်များ တစ်နေရာတည်းတွင်လေ့လာနိုင်ရေးနဲ့ ပြည်နယ်နှင့်တိုင်းများရှိ အထင်ကရ သဘာဝနေရာများ၊ အဆောက်အအုံများ တစ်နေရာတည်းတွင် လေ့လာနိုင်ရေး ရည်ရွယ်ပြီး ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) စိန်ရတု အထိမ်းအမှတ်ပွဲတော်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ဖွင့်ပွဲ၊ ပထမအကြိမ် ပန်းပွဲတော်ဖွင့်ပွဲတို့ကို လာမယ့် ဒီဇင်ဘာ ၁၄ရက်မှ ၁၈ရက်အထိ ကျင်းပသွားမှာ ဖြစ်ပါတယ်"ဟု ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ယင်းပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် တင်ဆက်မည့် တေးဂီတအစီအစဉ်များနှင့်ပတ်သက်၍ ဂီတလုလင်ဦးကိုကိုက ရှင်းလင်းပြောကြားရာတွင် "ကျွန်တော့် တစ်သက်တာအရပြောရရင် ဒီလောက်ကြီးကျယ်ခမ်းနားတဲ့မြင်ကွင်းအလှနဲ့ ဖျော်ဖြေတင်ဆက်မှုမျိုး တစ်ခါမှမကြုံဖူးပါဘူး၊ လာရောက်လည်ပတ်ကြတဲ့ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များဟာ ငြိမ့်ညောင်းသာယာသော တေးဂီတသံစဉ်များကိုခံစားကြည့်ရှုရင်း တစ်ဖက်မှာလည်း သင်းပျံ့မွှေးကြိုင်နေတဲ့ ပန်းရနံ့များနှင့်အတူ တစ်နိုင်ငံလုံးမှာရှိတဲ့ National Landmarks တွေဖြစ်တဲ့ ရွှေတိဂုံစေတီတော်၊ ကယားပြည်နယ်က တောင်ကွဲစေတီ၊ မကွေးက ရေနံ့စင်၊ မွန်ပြည်နယ်က ကျိုက်ထီးရိုး၊ ကချင်ပြည်နယ်က ခါကာဘိုရာဇီတောင်၊ ကရင်ပြည်နယ်က ဇွဲကပင်၊ စစ်ကိုင်းက ကောင်းမှုတော်စသည် စသည်ဖြင့် တစ်နေရာတည်း လေ့လာကြည့်ရှုနိုင်ကြမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

**စည်ကားသိုက်မြိုက်စွာ**

တစ်ဖန် ပထမအကြိမ် ပန်းပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ Woodland Group of Companies မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က ရှင်းလင်းပြောကြားရာ "သစ်တောရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် သစ်တောဦးစီးဌာနနှင့် Woodland Co.,Ltd. တို့ ပူးပေါင်းပြီး အမျိုးသား ကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်အဖြစ်ပန်းပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေး၊ ပန်းမန်များနှင့်ပတ်သက်၍ ဗဟုသုတတိုးပွားစေရေး၊ ပန်းမန်များစိုက်ပျိုးထုတ်လုပ်မှု နည်းပညာများ ပြည်သူများသို့ ဖြန့်ဖြူးပေးရေး၊ အိမ်နီးချင်းနိုင်ငံများတွင် ပန်းပွဲတော်များကျင်းပသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ခမ်းနားသော ပန်းပွဲတော်ကျင်းပရေး ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ရေး၊ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့လာရာဌာန Destination တစ်ခုဖြစ်လာစေရေး စသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း" ရှင်းလင်းပြောကြားသည်။

"ဒီပန်းပွဲတော်မှာပြည်တွင်း၊ပြည်ပမှ ပန်းမျိုးစုံနှင့် သစ်ခွပန်းများ အရေအတွက် ငါးသိန်း(သို့မဟုတ်)ပန်းပွင့်အရေအတွက် နှစ်သန်းခန့်ပြသသွားမှာဖြစ်ပါတယ်။ ပန်းများကို ပုံစံအမျိုးမျိုး ပုံဖော်စိုက်ပျိုးထား၍ ခရီးသွားပြည်သူတို့ စိတ်နှလုံးရွှင်ပြုံးကြည်နူးမှုကို ပေးစွမ်းနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ဦးဝင်းအောင်က ဆက်လက်ပြောကြားသည်။

**ဖျော်ဖြေတင်ဆက်မည်**

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်နှင့်ပတ်သက်၍ Event Master Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာဦးမိုးအောင်ဆွေကရှင်းလင်းပြောကြားရာ "အခွင့်အခါသင့်၍ အများပြည်သူတို့အား ဖျော်ဖြေတင်ဆက်မှုများ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ထားပါတယ်၊ ဒီပွဲတော်ကြီးမှာ နာမည်ကြီး အဆိုတော်များ လာရောက်ဖျော်ဖြေမှာဖြစ်ပြီး မြို့မတူရိယာအဖွဲ့၊ စိန်ရတု လှယဉ်ကျေးမယ်ပြိုင်ပွဲ၊ ဆောင်းရာသီဖက်ရှင်ပြိုင်ပွဲ၊ ဟာသနှင့် မျက်လှည့်ပြပွဲ၊ Dream Boat အဖွဲ့၏ ကစားနည်းပဒေသာများလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒါ့အပြင် စားသောက်ဆိုင်များ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ ဖက်ရှင်နှင့် အသုံးဆောင်ပစ္စည်းများ၊ ဒေသထွက်ကုန်အရောင်းဆိုင်များလည်း ပါဝင်ပြသ ရောင်းချမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

**ဖွင့်လှစ်ပြသမည်**

အမျိုးသား ကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ် ပွဲတော်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ဖွင့်ပွဲနှင့် ပထမအကြိမ် ပန်းပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၈ ရက် အထိ နံနက်၈နာရီမှ ညနေ၆နာရီ အထိဖွင့်လှစ် ပြသမည်ဖြစ်ကြောင်းသိရသည်။

သို့ဖြစ်၍ လူပေါင်းနှစ်သိန်းကျော် ပါဝင်ဆင်နွှဲမည့် အဆိုပါ အမျိုးသား ကန်တော်ကြီး စိန်ရတုပွဲတော်သို့ ပြည်သူများအနေဖြင့် အပန်းဖြေအနားယူနိုင်ရန်သော်လည်းကောင်း၊ သဘာဝ ကျေးငှက်တိရစ္ဆာန်များနှင့် ပန်းပေါင်းစုံဖူးပွင့်ဝေဆာသင်းပျံ့ မွှေးကြိုင်နေသော သဘာဝအလှတရားများကို ကြည့်ရှုခံစားနိုင်ရန်လည်းကောင်း၊ ပန်းမန်များကို တစ်နေရာတည်းတွင် စုစုစည်းစည်း လေ့လာနိုင်ရန်အတွက်လည်းကောင်း၊ ဒေသအထိမ်းအမှတ်များကို တစ်နေရာတည်းတွင် လေ့လာနိုင်ရန်အတွက် လည်းကောင်း ကြိုတင်သတင်းစကားပါး ဖိတ်ကြားနှိုးဆော်လိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**








**အခွင့်အခါသင့်၍ အများပြည်သူတို့အား ဖျော်ဖြေတင်ဆက်မှုများ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ထား။**
ဦးမိုးအောင်ဆွေ
မန်နေဂျင်းဒါရိုက်တာ
Event Master Co.,Ltd.
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး
(မြန်မာ့အလင်း)



**အိမ်နီးချင်းနိုင်ငံများတွင် ပန်းပွဲတော်များ ကျင်းပသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ခမ်းနားသော ပန်းပွဲတော်ကျင်းပရေး ဦးတည်ချက်များ ချမှတ်ဆောင်ရွက်။**
ဦးဝင်းအောင်
မန်နေဂျင်းဒါရိုက်တာ
Woodland Group of Companies
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး
(မြန်မာ့အလင်း)



**ကျွန်တော့်တစ်သက်တာ အရပြောရရင် ဒီလောက်ကြီးကျယ်ခမ်းနားတဲ့ မြင်ကွင်းအလှနဲ့ ဖျော်ဖြေတင်ဆက်မှုမျိုး တစ်ခါမှ မကြုံဖူးပါ။** ဂီတလုလင်ဦးကိုကို
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး
(မြန်မာ့အလင်း)



**သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် တစ်ဖက်က နိုင်ငံတော်၏ သစ်တောသယံဇာတ ထုတ်ကုန်များ ထုတ်လုပ်နေသလို တစ်ဖက်ကလည်း သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ မျှမျှတတဖြစ်အောင် ဆောင်ရွက်နေ။**
ဦးထွန်းပေါ်ဦး
ညွှန်ကြားရေးမှူး
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး
(မြန်မာ့အလင်း)

## တက်ရောက်လာသူများ

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်ကျင်းပရေးနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသော ပြည်တွင်းပြည်ပသတင်းစာဆရာများအား ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

## မြန်မာ့ရုပ်မြင်သံကြား

**၂၉-၁၁-၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၆။ အဆိုပြိုင်ပွဲ
၈:၂၀ ၇။ နဂါးရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (အရှေ့တိုင်းပညာ အထူးပြု) [အရှေ့တိုင်းပညာ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၇။ သီချင်းကြီးပဒေသာ
၁၇:၄၀ ၈။ **"ရောင်ပြန်ဟပ်ခြင်း"** မင်းအုပ်စိုး၊ ကုသိုလ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇:၄၅ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၈:၅၀ ၁၃။ Guinness World Records
၁၉:၂၀ ၁၄။ **"လောကရဲ့အလှရတနာ"** ရဲအောင်၊ မေသဉ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ
၁၉:၃၅ ၁၅။ တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်နေသော ပါတီနိုင်ငံရေးစတန့်(အပိုင်း-၂)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးရက်သတ္တပတ်ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ

## ဆီးချိုသွေးချိုရောဂါကာကွယ်ရေး ဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲကကြီးမှူး၍ ဆီးချို သွေးချိုရောဂါကာကွယ်ရေး ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါက်တာ ခင်မာအေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကျန်းမာရေးလုပ်ငန်း အဖွဲ့ခွဲမှ အဖွဲ့ဝင် ဒေါက်တာခင်မေအုန်းက သွေးချိုဆီးချိုရောဂါ ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ရုပ်ပုံကားချပ်များဖြင့် အကျယ်တဝင့်ရှင်းလင်းဟောပြောပြီး ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဒဂုံမြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင် စုစုပေါင်း ၂၅၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စုပေါင်းမဟာဘုံကထိန်ပွဲ ကွမ်းလုံ၌ကျင်းပ

ကွမ်းလုံ နိုဝင်ဘာ ၈

**ကွမ်းလုံမြို့နယ်၏ (၂၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူပွဲကို နိုဝင်ဘာ၃ရက် မွန်းလွဲ၁နာရီက တောင်တန်းသာသနာပြု(ဗဟို)ကျောင်းတိုက်၌ ကျင်းပရာ ပဓာန နာယကဆရာတော်ဘဒ္ဒန္တဥာဏိက အမှူးပြုသော ပင့်သံဃာတော်များကြွရောက်တော်မူကြသည်။**

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်အောင်နှင့် ဇနီး၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဖေကြိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ရွှေ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ၊ ဝတ်ရွတ်အဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ကာ ဆရာတော်ဘဒ္ဒန္တတေဇိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ကြသည်။



ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်အောင်နှင့် ဇနီးတို့က ကထိန်လျာဥတ်သင်္ကန်းကို တောင်တန်း သာသနာပြု(ဗဟို) ကျောင်းဆရာတော်ထံ ဆက်ကပ် လှူဒါန်းပြီး ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

**(ခရိုင် ပြန်/ဆက်)**



**သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ကြို့ခိုင်ရေးရပ်ကွက် ဂန္ဓမာလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းအတွက် ကျောက်များစုဆောင်းထားမှုကို နိုဝင်ဘာ ၁၅ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဇော်မြင့်ဦးက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



## ဌာနပေါင်းစုံ စုပေါင်းမဟာဘုံကထိန်ပွဲ ဘိုကလေး၌ ကျင်းပ

**ဘိုကလေး နိုဝင်ဘာ ၁၀**

ဘိုကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး ကျင်းပသည့် (၂၁)ကြိမ်မြောက် ဌာနပေါင်းစုံ စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ၄ရက်က မြို့မဆွမ်းလောင်းအသင်းမဏ္ဍာပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဇေယျမေဒနီဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ပြီး မြို့နယ်ဥက္ကဋ္ဌဦးဝင်းမြင့်နှင့် တာဝန်ရှိသူတို့က ဆရာတော်ထံ ကထိန်လျာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မဟာဝိသုတာရာမ ရတနာပုံဆရာတော်ထံမှ ကထိန်အနုမောဒနာတရားနာယူပြီး စုစုပေါင်း ၁၄၂၇၈၃၈ကျပ်တန်ဖိုးရှိ ပဒေသာပင်များကို မဲနှိုက်လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကြက်ဆူပင်စိုက်ခင်း

**ဓနုဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကို နိုဝင်ဘာ၈ရက်က ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ရွှေနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာဦးမောင်မောင်သွင်တို့က ရှင်းလင်းတင်ပြစဉ်။** (ဝ၈၅)

## ကျေးရွာစာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်လှူဒါန်း

**စလင်း နိုဝင်ဘာ ၁၀**

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများက စုပေါင်းလှူဒါန်းသော ရောင်စုံရုပ်မြင်သံကြားပြစက်၊ ဗီဒီယိုနှင့် ဗွီစီဒီပြစက်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၅ရက်က စလင်းမြို့ လက်မဲကျေးရွာစာကြည့်တိုက်နှင့် တညောင်ကျေးရွာ မျိုးချစ်အားမာန် စာကြည့်တိုက်တို့တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမြင့်မောင်က လှူဒါန်းရခြင်း အကြောင်းနှင့် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌဦးသန်းနိုင်က ၂၁လက်မနှင့် ၂၈လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်နှင့် ဗီဒီယိုပြစက်၊ ဗွီစီဒီပြစက်များကို ပေးအပ်ရာ လက်မဲကျေးရွာဥက္ကဋ္ဌဦးကြင်ခဲနှင့် တညောင်ကျေးရွာဥက္ကဋ္ဌ ဦးရဲထွဏ်းတို့က လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

## ပဲခူးမြို့ ဝင်းနိမ္မိတာရုံဆရာတော်အား ပူဇော်ကြမည်

**ပဲခူး နိုဝင်ဘာ ၂၅**

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၄ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်ပူဇော်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဲခူးမြို့ ဝင်းနိမ္မိတာရုံဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသအား ချီးကျူးပူဇော်သည့် အဂ္ဂမဟာပဏ္ဍိတ ဝိသိဋ္ဌဂုဏပူဇာနှင့် အာစရိယဝိသိဋ္ဌဂုဏပူဇာပွဲတို့ကို ဆရာတော်၏ သက်တော်(၆၀)ပြည့် ဝိဇာတမင်္ဂလာနှင့် ပေါင်းစပ်၍ (၁၃၆၈ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် )ဒီဇင်ဘာ ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဝင်းနိမ္မိတာရုံကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ရာ ဖုန်း–၀၉–၅၃၀၁၆၄၄ နှင့် ၀၅၂–၂၂၅၆၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## တည်းခိုခန်းများစည်းကမ်းနှင့်အညီဖွင့်ရေးဆောင်ရွက်

**ကလေး နိုဝင်ဘာ ၁၆**

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မှတ်ပုံတင်ထားသော တည်းခိုခန်းများ စည်းကမ်းနှင့်အညီဖွင့်လှစ် ဆောင်ရွက်နေခြင်း ရှိမရှိကို နိုဝင်ဘာ ၂ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၏ ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး (အခွန်) ဒေါ်ဖြူဝါသင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြသည်။

ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော တည်းခိုခန်း ၁၀ခုရှိကြောင်းနှင့် အဆိုပါတည်းခိုခန်းများ စည်းကမ်းနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်ရေးအတွက် နှစ်စဉ်ကွင်းဆင်းစစ်ဆေး၍ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များကို စနစ်တကျ စိစစ်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **(၄၁၇)**



**ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြရေပေးရေးလုပ်ငန်း၏ ပင်မရေလွှတ်မီတာတပ်ဆင်နေမှုကို နိုဝင်ဘာ ၁၁ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် အောက်တိုဘာ ၁၉ ရက်က အုတ် တွင်း မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဝန်ထမ်းများ မြို့တွင်း လမ်းမကြီးဘေးတွင် မြေခင်း အလှ ဆောင်ရွက်မှု အ ခြေ အ နေ ကို ကွင်းဆင်း ကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့်တာဝန်ခံ အင်ဂျင်နီယာဦးရဲလွင်တို့က ရှင်းလင်းပြသစဉ်။** (၁၁၆)


မီးသည် သုံးတတ်လျှင်
မိတ်ဆွေ
မသုံးတတ်လျှင်
ရန်သူ




**မော်လမြိုင်ကျွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မြို့တွင်းလမ်းများ ကောင်းမွန်ရေးဆောင်ရွက်လျက်ရှိရာ တပင်ရွှေထီးလမ်းမကြီး ထပ်ပိုး ကတ္တရာခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၉ ရက်က အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ (၂)ဦးဖေဝင်းသူတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ် စည်ပင်)

# အမျိုးသားညီလာခံစုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများက အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ




**ရန်ကုန် နိုဝင်ဘာ ၂၈**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော နိုင်ငံရေးပါတီများက အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

**တက်ရောက်**

ယနေ့ကျင်းပသည့် အမျိုးသား ညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ

**စာမျက်နှာ ၃ ကော်လံ ၁** ❒



အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

# အနာဂတ်ကိုမျှော်မှန်းသည့် ပညာရေးစနစ်သစ်ဖြစ်လာစေရေး ပြောင်းလဲတည်ဆောက် သိပ္ပံနှင့်နည်းပညာများ ဘာသာရပ်နယ်ပယ်တွင် ရပ်တန့်မနေဘဲ လူမှုစီးပွားရေးဘဝ၌ လွှမ်းမိုး ပညာရေး၏ဦးတည်ချက်များ လက်တွေ့လူမှုဘဝ၌ အသုံးပြုနိုင်ရန် အဓိကဖြစ်လာ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၆)ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ရက် မွန်းလွဲ ၁ နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ အထက်မြန်မာပြည် တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်ဦးအောင်ဆန်းဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက် ကထိကများ၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူ အခြေခံပညာ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

**အထူးအလေးထား**

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက အဖွင့်အမှာစကား ပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့်

**စာမျက်နှာ ၉ ကော်လံ ၁** ●

## မြန်မာ့အလင်း
## သတင်းဆောင်းပါးအညွှန်း

**အမျိုးသားကန်တော်ကြီး ဥယျာဉ် (ပြင်ဦးလွင်) စိန်ရတုအထိမ်းအမှတ်ပွဲတော်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ဖွင့်ပွဲနှင့် ပထမအကြိမ် ပန်းပွဲတော်ကျင်းပခြင်းတို့ကို ၎င်းဥယျာဉ်ကြီး၌ စည်ကား သိုက်မြိုက်စွာ ခင်းကျင်း ပြသတော့မည်။**

မြင့်မောင်စိုး၏ သတင်းဆောင်းပါး (စာ - ၁၃)

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မိုးလေဝသအခြေအနေ ၂၉-၁၁-၂၀၀၆

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

**ရန်ကုန်မြို့**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

**မန္တလေးမြို့**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။